မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၂၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

သထုံမြို့နယ်၌ စိုက်ပျိုးမြေဧက ၃၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ပြီး နွေစပါးနှင့် စားပိုဆောင်သီးနှံများကိုပါ အကျိုးပြုမည့် ဒုံသမိမြစ်ရေတင်စီမံကိန်းတည်ဆောက်နေ

နေပြည်တော် မေ ၁၃

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၇ရက် ညနေပိုင်းက သထုံမြို့နယ် မရမ်းကုန်း ရေထိန်းတံခါးတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်းက ရေထိန်းတံခါးတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များမှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် သထုံမြို့နယ် မရမ်းကုန်းရေထိန်းတံခါး တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနား ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ၌ ကျင်းပ

နေပြည်တော် မေ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၆ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် အခမ်းအနားကို မေ၈ရက် နံနက်၉နာရီက ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များနှင့် ကြက်ခြေနီလူငယ်မောင်မယ်များ တက်ရောက်ကြသည်။

ဆုချီးမြှင့်

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားပြီး ၂၀၀၆ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကြက်ခြေနီစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလှက အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ရဲမှူးကြီး ဘကြည်က အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ တာဝန်ရှိသူများက ကြက်ခြေနီစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများအားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာ၊ အားကစားသတင်းနှင့် ဓာတ်ပုံအညွှန်း

ဗြိတိန်သည် ဥရောပ၌ လူမှုရေးချိုးဖောက်မှုအများဆုံးဖြစ်

ဗြိတိန်နိုင်ငံသည် ဥရောပတွင် လူမှုရေးချိုးဖောက်သည့် အမူအကျင့်များနှင့် အတူ အဆိုးရွားဆုံးပြဿနာများ ရှိနေကြောင်း၊ အိမ်နှင့်ကျောင်းများတွင်လည်း အရက်သောက်စားကာ စည်းပျက်၊ ကမ်းပျက်ဖြစ်လျက်ရှိကြောင်း မေ ၉ ရက်က ထုတ်ပြန်သည့် လေ့လာချက် တစ်ရပ်၌ ဖော်ပြပါရှိသည်။

နိုင်ငံတကာသတင်း (စာ – ၄)



ကမ္ဘာ့ဖလားပွဲ အကြိုခြေစမ်း မက္ကဆီကိုက ကွန်ဂိုကို အနိုင်ရ

နိုင်ငံတကာအားကစား

ဓာတ်ပုံ (စာ – ၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ မေလ ၁၄ ရက်)

မြေလွတ် မြေရိုင်းများ တိုးချဲ့ဖော်ထုတ် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ လူနေမှုဘဝမြင့်မားစေရန် အဘက်ဘက်က ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင်မြင်အောင် ဦးဆောင်ဦးရွက်ပြုကာ လုပ်ဆောင်ကြရမည်ဖြစ်သည်။

ပဲခူးတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကို ဦးဆောင်နေသော တိုင်းခြောက်တိုင်းတွင် တစ်တိုင်း အပါအဝင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့တိုင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ယခုထက်ပိုမို အရှိန်အဟုန်မြင့်တင် ဆောင်ရွက်သွားကြရန် လိုအပ်သည်။

ပဲခူးတိုင်းအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် လျာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်သည်ကို တွေ့ရှိရသည်။ ထိုအောင်မြင်မှုများကို ထိန်းသိမ်း၍ ပိုမိုတိုးတက်အောင်မြင်မှုများ ရရှိစေရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်သည်။ မိမိတို့ဒေသအတွက် ဝမ်းစာဖူလုံမှု ရရှိနေသည်ကို တင်းတိမ်ရောင့်ရဲမနေဘဲ ပြည်တွင်းဖူလုံမှု ရရှိစေရန်သာမက ပြည်ပသို့ တင်ပို့နိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန် ဆန်စပါးသာမက အဓိကသီးနှံ ၁၀ မျိုး၊ အမယ်သစ်သီးနှံ သုံးမျိုးနှင့် နှစ်ရှည်ပင် စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့စိုက်ပျိုးသွားကြရမည် ဖြစ်သည်။

အထူးသဖြင့် ဒေသ၏ ရေမြေသဘာဝ ရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းအောင်မြင်မည့် သီးနှံများကို စိုက်ပျိုးသွားကြရန် အရေးကြီးပေသည်။ ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း အောက်ခြေအထိဆင်း၍ ဒေသခံတောင်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြ ရမည်ဖြစ်သည်။

နိုင်ငံတော်က စီမံချက်ဖြင့် အလေးထားဆောင်ရွက်လျက်ရှိသော ဇီဝလောင်စာဆီ ထုတ်ယူအသုံးပြုနိုင်သည့် ကြက်ဆူပင်များကို လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် လောင်စာဆီလိုအပ်မှုများကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကြက်ဆူပင်များကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက တစ်ဦးချင်း၊ မိသားစုများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအလိုက် စိုက်ပျိုးနိုင်သမျှ တိုးချဲ့စိုက်ပျိုးသွားကြရမည် ဖြစ်သည်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ခြစည်းရိုးကြက်ဆူပျိုးပင် တစ်သိန်းနှစ်သောင်း ပေးအပ်ပွဲနှင့် ကြက်ဆူပင် ဧက ၁၀၀ စိုက်ပျိုးပွဲ အခမ်းအနားကို မေ ၁၀ ရက် နံနက်ပိုင်းက တောင်ငူတပ်နယ်၌ ကျင်းပသည်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များတွင် ခြစည်းရိုးကြက်ဆူပင်များကို စီမံချက်ချမှတ် စိုက်ပျိုးလျက်ရှိရာ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဧက ၁၀၀၀၀၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက ၁၀၀၀၀၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဧက ၁၀၀၀၀ စုစုပေါင်း ဧက ၃၀၀၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၀၈ ခုနှစ်တွင် အပြီးစိုက်ပျိုးသွားမည်ဖြစ်သည်။ ယခုအထိ ခြစည်းရိုးကြက်ဆူပင် ဧက ၄၅၀ စိုက်ပျိုးပြီးဖြစ်ကာ မျိုးစေ့ဧက ၁၅၀၀ နှင့် ပျိုးထောင်ပြီး အပင် ဧက ၂၅၀၀ စုစုပေါင်းဧက ၄၀၀၀ အတွက် ပျိုးပင်ပေါင်း ၄၈ သိန်း ပျိုးထောင်ထားရှိပြီး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းတွင် သုံးနှစ်အတွင်း ခြစည်းရိုးကြက်ဆူဧက ငါးသိန်း စိုက်ပျိုးရေးအတွက် တပ်ရင်းတပ်ဖွဲ့များအပြင် ဌာနဆိုင်ရာများ၊ ပြည်သူများကလည်း တစ်တပ်တစ်အား ပါဝင်စိုက်ပျိုးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပဲခူးတိုင်း၌ နွေစပါးစိုက်ဧက လေးသိန်း၊ မိုးစပါးစိုက်ဧက သိန်း ၃၀ စိုက်ပျိုးရန် လျာထားရာ မိုးရာသီ စတင်ရောက်ရှိလာပြီဖြစ်၍ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက လျာထားချက်ပြည့်မီရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပဲခူးတိုင်းအနေဖြင့် မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ် စိုက်ပျိုးနိုင်ရေး၊ ရာသီအလိုက်ဖြစ်ထွန်းအောင်မြင်မည့် သီးနှံများ၊ နှစ်ရှည်ပင်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး နှင့် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားနိုင်ရေးတို့အတွက် တာဝန်ရှိသူအသီးသီးနှင့် ဒေသခံ ပြည်သူများက တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက် ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၄-၅-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဆရာတော်ဦးဃောသိတ တရားတော် **"ရုပ်နမ်ခွဲ၊ ပညတ်ပရမတ်ခွဲ"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ မြန်မာ့ရှုခင်း
၁၂:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အိမ်အပြန်"**
၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၂၅ ၄။ မျိုးချစ်တပ်မတော်
၄:၄၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၁။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၀ ၁၂။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
၆:၅၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၂၅)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ကျန်းမာသုတ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း-၃၉)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၅-၂၀၀၆ (တနင်္ဂနွေနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ တေးဂီတအစီအစဉ်
၇:၁၀ ဝါသနာရှင်စင်မြင့်
၇:၂၀ ပြည်တွင်းသတင်းအကျဉ်း
၇:၅၅ တေးဂီတအစီအစဉ်
၈:၀၀ အရည်အသွေးထူးခြား မြန်မာ့ကျောက်မျက်များ
၈:၁၅ တေးဂီတအစီအစဉ်
၈:၂၀ Myanmar Video Rhythm
၉:၁၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၂၀ တေးဂီတအစီအစဉ်
၉:၂၅ 4-Channel ဓာတ်ပုံပြပွဲ
၉:၄၅ မိုးလေဝသခန့်မှန်းချက်
၉:၅၀ Sunday Talk (ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)
၁၀:၄၅ တေးဂီတအစီအစဉ်
၁၀:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀ တေးဂီတအစီအစဉ်
၁၁:၀၅ နိုင်ငံတကာအနုပညာရေးရာ
၁၁:၂၀ တေးဂီတအစီအစဉ်
၁၁:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀ ဂီတရေစီးကြောင်းထဲက ဂီတ
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Series - A ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၇:၃၀	Reggina-Juventus	5-Sports(Live)
၉:၃၀	Chievo-Fiorentina	5-Sports(SDD)

အလှူငွေလက်ခံ

အမှတ် ၆၁၊ ဖို့မြေလမ်း မင်္ဂလာတောင်ညွန့် မြို့နယ်နေ ကိုနီအောင်-မခိုင်ဝါဝါကျော် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (ဂ-ပ)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်များစနစ်တကျမောင်းနှင်ပြေးဆွဲ ယာဉ်တိုက်မှုကျဆင်းအောင်ကြပ်မတ်ဆောင်ရွက်

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ၅နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ကျောင်းကြို၊ ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြပ်မတ်ဆောင်ရွက်

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ ကြို၊ ပို့ယာဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲရန်အတွက် စီမံဆောင်ရွက်ကြရေး၊ သဘာဝဓာတ်ငွေ့သုံးယာဉ်များ သတ်မှတ်ခေါက်ရေပြည့်မီစွာ ပြေးဆွဲကြရန်၊ စက်သုံးဆီအလွဲသုံးမှု မဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်ကြရန်၊ မော်တော်ယာဉ်များ စနစ်တကျ မောင်းနှင်ပြေးဆွဲကြပြီး ယာဉ်တိုက်မှုတဖြည်းဖြည်း လျော့နည်းကျဆင်းအောင် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရန်တို့နှင့် ပတ်သက်၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာဗောဓိဆရာတော် မွေးနေ့မင်္ဂလာကျင်းပမည်

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မဟာဗောဓိဆရာတော်၏ သက်တော် (၆၉)နှစ်ပြည့် မွေးနေ့မင်္ဂလာနှင့်ပူးတွဲ၍ မဟာဗောဓိပရိယတ္တိစာသင်တိုက်မှ ယခုနှစ်တွင် တိပိဋက စာမေးပွဲကြီး၌ ဝိနယပိဋကတ်ကို ပြန်ဆိုအောင်မြင်တော်မူသော ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်ဝေရောစနအား ချီးကျူးပူဇော်ပွဲကို ၁၃၆၈ခုနှစ် နယုန်လဆန်း ၅ ရက် (မေ၃၁ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ပူဇော်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မော်ဘီမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အသင်းဝင်အဆိုပြုလွှာများပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မော်ဘီမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တွေ့ဆုံပွဲအခမ်းအနားနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ရနာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေ တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာလှမြင့်က ၂၀၀၆ခုနှစ်အတွက် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းက ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အသင်း၏လှုပ်ရှားမှုများနှင့် ပတ်သက်၍ သုံးသပ်ချက်ကို လည်းကောင်း၊ မော်ဘီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နုနုဝေက အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေက မော်ဘီမြို့နယ်အတွင်းမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထောက်ပံ့ငွေပေးအပ်

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် မော်ဘီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ သားဖွားခန်းနှင့် နေ့ကလေးထိန်းကျောင်းတို့ကို ဝင်ရောက်ကြည့်ရှုကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ငွေများ ပေးအပ်ကာ ရင်သွေးငယ်ကလေးများအား စားစရာမုန့်များ ဝေငှပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထောက်ပံ့ငွေပေးအပ်

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ မော်ဘီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ သားဖွားခန်းတွင် ကိုယ်ဝန်ဆောင် မိခင်တစ်ဦးအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

သီတဂူကြယ်တစ်ပွင့် ပြည်ပခရီးကြွရောက်တော်မူ

ရန်ကုန် မေ ၁၃

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် မေ၁၃ရက် နံနက်ပိုင်းက အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် နော်ဝေါ့ခ်မြို့သို့ ပြည်ပသာသနာပြုခရီး ကြွရောက်ကြောင်း သိရသည်။ **(က-ပ)**

ဦးတင်စောအား ရည်စူး၍ ရန်ကင်းမြို့နယ် ၂ရပ်ကွက် တိုက်၂၇၃နေ ဇနီးဒေါ်ကျင်ကြည်နှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌဦးလှထွန်းကိုယ်စား သူနာပြုချုပ်ဒေါ်မြင့်မေက လက်ခံယူစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်အဖွဲ့သို့ အိမ်နှင့်ခြံမြေ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၃

ပဲခူးတိုင်း သာယာဝတီမြို့ ရန်ကုန်ပြည်လမ်း အမှတ်(၁)ရှိ ကွယ်လွန်သူ မိဘများဖြစ်သော ဦးသူငယ်-ဒေါ်ဒေါ်ပြုံးတို့ပိုင်ဆိုင်သော ၂၂၉ပေx၁၀၆၀ ရှိ အိမ်နှင့်ခြံမြေအား သားသမီးမြေးမြစ်များအားလုံးတို့က ကွယ်လွန်သူ အဘိုးအဘွားမိဘများအားရည်စူး၍ မေ၉ရက်တွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်နာယက ဆရာတော်ကြီးများ၊ သာယာဝတီမြို့ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်လူကြီးများ၊ သာယာဝတီမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၃၆)မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများရှေ့မှောက်တွင် ဥပဒေနှင့်အညီ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်သို့ ပေးအပ်လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တရုတ်နိုင်ငံ ပေကျင်းမြို့နေပြည်သူများ

နှစ် ၅၀အတွင်း အဆိုးရွားဆုံးမိုးခေါင်မှုဒဏ်ခံရ

ပေကျင်း မေ ၁၃

တရုတ်နိုင်ငံ၏ မြို့တော်ပေကျင်း၌ အနှစ် ၅၀အတွင်း အဆိုးရွားဆုံး မိုးခေါင်မှုနှင့် ကြုံတွေ့ခံစားနေရကြောင်း ယခုနှစ်တွင် မိုးရွာသွန်းမှုမှာ ၁၇မီလီမီတာသာရှိကြောင်း၊ ယမန်နှစ်အလားတူ ကာလကထက် ၆၃ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။



မိုးခေါင်မှုကြောင့် မြေကြီးအက်ကွဲနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိုးရွာသွန်းမှု မရှိ၍ ရေပေးဝေမှုမှာ အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း ရေကြီးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်မှုတားဆီးရေးအစည်းအဝေး၌ ကျွမ်းကျင်သူများက ပြောကြားသည်။

အဆိုပါမြို့၏ အကြီးစားနှင့် အလတ်စား ရေလှောင်ကန် ၁၆ခုမှာ ရေ ၁ဒသမ ၃၁ဘီလီယံ ကုဗမီတာသာရှိကြောင်း၊ ရေသုံးစွဲမှုမှာ ယမန်နှစ်က ၃ဒသမ ၄၅ဘီလီယံ ကုဗမီတာရှိကြောင်း ပေကျင်းရေပေးဝေရေးဌာနက ပြောကြားသည်။ ယင်းရေသုံးစွဲမှုတွင် သောက်ရေ ၁ဒသမ၄၉ဘီလီယံ ကုဗမီတာ ပါဝင်သည်။

အဆိုပါမြို့၌ အမြဲတမ်းနေထိုင်သူ ၁၅ဒသမ ၃၆သန်းရှိပြီး အခြားလာရောက်နေထိုင်သူ လေးသန်းကျော်ရှိသည်ဟု ဆိုသည်။ ထိုအတောအတွင်း မိုးလေဝသ ပညာရှင်များက လာမည့်သုံးလအတွင်း မိုးရွာမည်ဖြစ်ကြောင်း၊ သို့ရာတွင် မိုးကြီး၊ လေကြီး ရွာသွန်းမှုမျိုးဖြစ်နိုင်ကြောင်း သတိပေးပြောကြားလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ တိုကျိုမြို့အနောက်ဘက် နာဂိုယာမြို့တွင် အိမ်ရာဆိုင်ရာ ညီလာခံမတိုင်မီ ခင်းကျင်းပြသထားသော ဘောလုံးပုံစံ အိမ်တစ်လုံးကို မေ ၁၂ရက်က တွေ့ရစဉ်။ (ယင်းအိမ်သည် ငလျင်ဒဏ်ကိုခံနိုင်ပြီး ရေပေါ်တွင် ပေါ်လောပေါ်နိုင်ကာ ရောင်းဈေး အမေရိကန်ဒေါ်လာ ၁၂၆၂၉ ဒေါ်လာဖြစ်ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

မြန်မာ့အလင်း
နိုင်ငံတကာ
သတင်းများ

ဖိလစ်ပိုင် ကျေးလက်ဒေသများဖွံ့ဖြိုးရေး

ဆည်တမံများ တိုးချဲ့တည်ဆောက်မည်

မနီလာ မေ ၁၃

ဖိလစ်ပိုင်နိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အစိုးရ၏ ဆည်တည်ဆောက်ရေး တမံများအတွက် ဖိလစ်ပိုင်ငွေ ပီဆိုငါးဘီလီယံ (အမေရိကန်ဒေါ်လာ ၉၈သန်း)၏ ထက်ဝက်ကျော်ကိုသုံးစွဲမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ဘတ်ဂျက်နှင့် စီမံခန့်ခွဲရေးဦးစီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။

ပထမဆင့်အနေဖြင့် ဖိလစ်ပိုင်ငွေ ပီဆို ၂ဒသမ ၇၃ဘီလီယံ(အမေရိကန်ဒေါ်လာ၅၄သန်း)ကို အစိုးရ၏ ကနဦးရင်းနှီးမြှုပ်နှံရမည့်စီမံကိန်းများအတွက် အသုံးပြုမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ ရိုလန်ဒိုအင်ဒါယာဂျာက ပြောကြားသည်။

ယင်းငွေကို ပျက်စီးနေသော ဆည်များကိုလည်း ပြုပြင်ရာတွင် သုံးစွဲမည်ဖြစ်ကြောင်း ဝန်ကြီးအဖွဲ့အစည်းအဝေးအပြီး အင်ဒါယာက သတင်းထောက်များအား ပြောကြားသည်။ ဆည်တမံများ တိုးချဲ့တည်ဆောက်ခြင်းဖြင့် ဆန်တင်သွင်းရမှုများ လျော့ချကာ မိမိခြေထောက်ပေါ်တွင် မိမိရပ်တည်နိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ နန်ကျင်းမြို့ အရောင်းပြခန်းတွင် ပြသထားသော ကားပုံစံပုံဖော်ထားသည့် တီဗွီကို ကလေးငယ် တစ်ဦး မေ ၁၁ရက်က စိတ်ဝင် တစား ကြည့်ရှုနေစဉ်။

(ကလေးများအား ဆွဲဆောင်နိုင်ရန်အတွက် ယခုအခါ တီဗွီများကို ကာတွန်းပုံစံ ရုပ်ပုံများဖြင့် ထုတ်လုပ်လျက်ရှိသည်။)

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၌ လူမှောင်ခိုကူးသူများ ဖမ်းဆီးမိ

ဝါရှင်တန် မေ ၁၃

အမေရိကန်နိုင်ငံ ဖိုးနစ်မြို့၌ လူမှောင်ခိုကုန်ကူးသူဟု သံသယရှိသူ ၆၂ဦးအား နှစ်လကြာကွင်းဆင်းရှာဖွေခဲ့ပြီးနောက် ပူးပေါင်းတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်ကြောင်း အာဏာပိုင်များက မေ၁၀ရက်၌ ပြောကြားသည်။

ရဲတပ်ဖွဲ့၊ အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းထားသောအဖွဲ့က အမေရိကန်-မက္ကဆီကိုနယ်စပ် အရီဇိုးနားနယ်စပ်မှ တရားမဝင် ဝင်ရောက်လာသူ ၅၂၈ဦးကိုလည်း ထိန်းသိမ်းထားလိုက်သည်။

သိမ်းဆည်း

ဒေါ်လာ ၁ ဒသမ၇သန်း တန်ဖိုးရှိသော လက်နက် ၁၁လက်၊ ကား ၆၂စီးနှင့် နေအိမ်ခြောက်လုံးကိုလည်း ဖမ်းဆီးလိုက်ကြောင်း၊ ယင်းဖမ်းဆီးမှုတွင် ဒေါ်လာ ၄ ဒသမ ၈သန်း၊ ကိုကင်းငါးကီလို၊ ဆေးခြောက် တစ်ကီလိုကျော်ကိုလည်း တွေ့ရှိ သိမ်းဆည်းလိုက်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗြိတိန်သည် ဥရောပ၌ လူမှုရေးချိုးဖောက်မှုအများဆုံးဖြစ်

လန်ဒန် မေ ၁၃

ဗြိတိန်နိုင်ငံသည် ဥရောပတွင် လူမှုရေးချိုးဖောက်သည့် အမှုအကျင့်များနှင့်အတူ အဆိုးရွားဆုံးပြဿနာများရှိနေကြောင်း၊ အိမ်နှင့်ကျောင်းများတွင်လည်း အရက်သောက်စားကာ စည်းပျက်၊ ကမ်းပျက်ဖြစ်လျက်ရှိကြောင်း မေ ၉ရက်က ထုတ်ပြန်သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြပါရှိသည်။

အဆိုးရွားဆုံး

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက် ခြောက်နိုင်ငံမှ လူ ၇၀၀၀ကို တွေ့ဆုံမေးမြန်းရာတွင် ၇၆ရာခိုင်နှုန်းက အဆိုပါပြဿနာများသည် ဗြိတိန်နိုင်ငံတွင် အဆိုးရွားဆုံးဖြစ်ပြီး ၎င်းနောက် ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့ဖြစ်ကြောင်း ပြောကြားကြသည်။

ပြောကြား

အရက်သောက်သည့် ယဉ်ကျေးမှုသည် လူမှုရေးချိုးဖောက်သည့် အပြုအမူကို ဖြစ်ပွားစေကြောင်း ၇၀ရာခိုင်နှုန်းနီးပါးက ပြောကြားသည်။

ယခုသုတေသနမှာ နိုးထသတိရှိရန် နှိုးဆော်ခြင်းတစ်ရပ်ပင်ဖြစ်ကြောင်း လန်ဒန်မြို့တက္ကသိုလ်ကောလိပ်ရှိ ဂျီးလ်ဒင်းသိပ္ပံဌာနမှ မှုခင်းသုတေသနပညာရှင် ဂလိုရီယာလေးကော့က ပြောကြားသည။

၂၄နာရီဖွင့်

ဗြိတိန်သည် ဥရောပတွင် အရက်သမားများကြောင့် မကြာခဏ ပြစ်တင်ဝေဖန်ခြင်းခံရလေ့ရှိပြီး အရက်ပါရောင်းသည့် စားသောက်ဆိုင်များနှင့် ဘားများကို ၂၄နာရီ ဖွင့်ခွင့်ပြုထားသည့် အပန်းဖြေခြင်းဆိုင်ရာ ဥပဒေကလည်း ဗြိတိန်၏ ဂုဏ်သတင်းကို မကယ်နိုင်ဖြစ်နေတော့သည်။

လူရမ်းကားများ ပြစ်ဒဏ်ချမှတ်ခြင်း အပြစ်ပေးခြင်းသည် အမူအကျင့်ကောင်းလာလိမ့်မည်ဟုထင်ကြောင်း လူတစ်ဝက်ခန့်က ပြောကြားသည်ဟု လေ့လာချက်အရ သိရှိရသည်။

အမ်အင်အေ၊ရိုက်တာ

သင်္ဘောကျင်း

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ သင်္ဘောကျင်းတစ်ခုကို မေ၁၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

14-5 (04).p65 1 1/13/32, 12:08 AM

ဆင်ဟွာနှင့်ကျိုဒိုသတင်းဌာနနှစ်ခု ပိုမိုပူးပေါင်းဆောင်ရွက်မည်

ပေကျင်း မေ ၁၃

ဆင်ဟွာသတင်းဌာနသည် ဂျပန်သတင်းဌာန၊ ကျိုဒိုသတင်းဌာနနှင့် ပိုမိုပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် ၂၀၀၈ အိုလံပစ်အားကစားသတင်းများ ထုတ်ပြန်ရန်ဖြစ်ကြောင်း ဆင်ဟွာသတင်းအေဂျင်စီ ဥက္ကဋ္ဌ တီယန်ကွန်မင်းက ပြောကြားလိုက်သည်။

ဆင်ဟွာနှင့် ကျိုဒိုတို့သည် ပူးပေါင်းဆောင်ရွက်မှုကို မှန်မှန်ထိန်းထားနိုင်ပြီဖြစ်ကြောင်း၊ အလည်အပတ်ရောက်ရှိနေသော ကျိုဒိုသတင်းဌာန ဥက္ကဋ္ဌ အီရှိကာဝါဆာတိုရှိနှင့် တွေ့ဆုံဆွေးနွေးစဉ် တီယန်က ပြောကြားလိုက်သည်။

ပြောကြား

တရုတ်နိုင်ငံ၏သတင်း အေဂျင်စီ ဆင်ဟွာက ၂၀၀၈ အိုလံပစ်အားကစားပြိုင်ပွဲများ ကျင်းပစဉ်အတွင်း ကျိုဒိုအပါအဝင် နိုင်ငံခြားသတင်းမီဒီယာနှင့် အေဂျင်စီများကို ကူညီသွားမည်ဖြစ်ကြောင်းလည်း တီယန်က ပြောကြားသည်။

ကျိုဒိုသတင်းဌာန အနေဖြင့် အဆိုပါ အိုလံပစ် အားကစားပွဲတော်ကာလအတွင်း ဂျပန်ပြည်သူများ ကျေနပ်မှုရစေရန် ဆင်ဟွာနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း အီရှိကာဝါက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘင်္ဂလားဒေ့ရှ် အနောက်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်

ဒါကာ မေ ၁၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ပိုင်းခရိုင်နှစ်ခု၌ မေ ၁၀ ရက်ညပိုင်းက မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ လူငါးဦးသေဆုံးပြီး ၂၀၀ခန့်ဒဏ်ရာ ရရှိသွားကြောင်း တာဝန်ရှိသူများက မေ ၁၁ရက်၌ ပြောကြားသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဒါကာမြို့အနောက်ဘက် ၁၄၃ ကီလိုမီတာအကွာ ဆီရာဂျာနီခရိုင် အနောက်ပိုင်း၌ လူလေးဦးသေဆုံးသွားကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။ ၎င်းမုန်တိုင်းကြောင့် အခြားလူ ၁၅၀ခန့်လည်း ဒဏ်ရာရသွားကြောင်း၊ သေဆုံးသူများမှာ နေအိမ်များပြိုကျခြင်း၊ သစ်ပင်များ လဲကျခြင်းနှင့် လျှပ်စစ်ဓာတ်ကြိုးများ ပြတ်တောက်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထုတ်ပြန်

အလားတူ ဒါကာမြို့အနောက်ဘက် မန်နစ်ဂန်ခရိုင်၌လည်း မုန်တိုင်းဒဏ်ခံရကြောင်း၊ လူတစ်ဦးသေဆုံးပြီး ၅၀ ဦး ဒဏ်ရာရသွားကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားက သတင်းထုတ်ပြန်သည်။

အဆိုပါ ဒေသနှစ်ခုတွင် မုန်တိုင်းကြောင့် နေအိမ် ၂၀၀၀ခန့် ပြိုကျပျက်စီးသွားကြောင်း၊ သီးနှံစိုက်ခင်းများလည်း ပျက်စီးသွားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

လမ်းညွှန်စနစ်တပ်ဆင်

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မစ်ဆူရှီတာလျှပ်စစ် ကုမ္ပဏီမှ ထုတ်လုပ်သော အိတ်ချ်ဒီဒီ ကားလမ်းညွှန်စနစ် တပ်ဆင်အသုံးပြုနည်းကို ဝန်ထမ်းတစ်ဦး မေ၁၁ ရက်က မိတ်ဆက်ပြသနေစဉ်။

(ယင်းလမ်းညွှန်စနစ်အပါအဝင် ဒီဗီဒီ၊ စီဒီပြစက်နှင့် အက်ဖ်အမ်၊ အေအမ် ရေဒီယိုစနစ်များလည်း ပေါင်းစပ် တပ်ဆင်ထားကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ် ရှန်ကျန်းမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် ချင်ပင်ဆီ မျောက်တစ်ကောင် အအေးခန်း၌ အအေးသောက်နေသည်ကို မေ ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နီပေါအမျိုးသမီး ၂၀ လူမှောင်ခိုခံရမှုမှကယ်တင်နိုင်

ခတ္တမန္ဒူ မေ ၁၃

နီပေါနိုင်ငံရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် မာယီတီနီပေါ(အမ်အင်)သည် အိန္ဒိယရှိ မြို့အသီးသီးသို့ လူမှောင်ခိုခံရသည့် နီပေါအမျိုးသမီး၂၀ကို ကယ်တင်နိုင်လိုက်ကြောင်း အမ်အင်ဥက္ကဋ္ဌက မေ ၁၁ ရက် တွင် ပြောကြားသည်။

အမျိုးသမီးများ၏ အခွင့်အရေးအတွက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အမ်အင်အဖွဲ့သည် အိန္ဒိယသို့ နီပေါအမျိုးသမီးများအား လူမှောင်ခိုရာတွင် ပါဝင်ပတ်သက်သည့် လူပွဲစားလေးဦးကို ဖမ်းဆီးရာတွင်လည်း အကူအညီပေးခဲ့ကြောင်း အမ်အင်ဥက္ကဋ္ဌ အနူရာဒဟာကွိုင်ရာလာက ပြောကြားသည်။

အမ်အင်အဖွဲ့သည် ယခုအချိန်အထိ လူမှောင်ခိုခံရသည့် အမျိုးသမီး ၁၀၀ကို ကယ်တင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိတွင် ကယ်ဆယ်ခဲ့သည့် အမျိုးသမီး၁၀၀အား စိတ်ထက်သန်ရာ လုပ်ငန်းသင်တန်းထဲမှ အရေးပါသည့် အမျိုးအစားများကို သင်တန်းပေးလျက်ရှိကြောင်း သူမက ဆက်လက်ပြောကြား သည်။

၎င်းပြင် အမျိုးသမီးများ မှောင်ခိုခံရမှုကို ထိန်းချုပ်နိုင်သည့် ထိရောက်သော ဥပဒေရှိရန်လည်း လိုအပ်ကြောင်း ကွိုင်ရာလာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဒေါ်လာနှစ်သန်းကျော်တန် ပန်းချီကား

ဒေါ်လာနှစ်သန်းကျော်တန် ပန်းချီကားတစ်ချပ်ကို ပြသထားစဉ်။ (အပေါ်ပုံ)

အဆိုပါ ပန်းချီကားကို ဆွစ်ဇာလန် ပန်းချီပညာရှင် ဖာဒီနန်ဟိုလာက ၁၉၀၈ခုနှစ်တွင် ရေးဆွဲခဲ့ခြင်းဖြစ်ပြီး "ဂျီနီဗာရေအိုင်ပေါ်ဝယ်"ဟု အမည် ပေးထားသည်။ ၎င်းပန်းချီကားကို မေ ၃၁ရက်တွင် လေလံတင်ရောင်းချမည်ဖြစ်ရာ ဒေါ်လာနှစ်သန်းရှစ်သိန်းကျော် ရရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **(အင်တာနက်)**

ဒေါ်လာ သုံးသိန်းရှစ်သောင်းတန် နာရီ

ဒေါ်လာ သုံးသိန်းရှစ်သောင်းတန်သော အိတ်ဆောင်နာရီတစ်လုံးကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါနာရီကို ၁၈၉၅ခုနှစ်က ဆွစ်ဇာလန်နိုင်ငံတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ရွှေ ၁၈ကာရက်ပါရှိသည်။ ယခု မေလ ၁၅ရက်တွင် ဂျီနီဗာမြို့၌ လေလံတင်ရောင်းချမည်ဖြစ်ရာ ဒေါ်လာ သုံးသိန်းရှစ်သောင်းခန့်ရရှိမည်ဟု ခန့်မှန်းထားသည်။ **(အင်တာနက်)**

အိပ်ချ်အိုင်ဗွီ ပိုင်းရပ်စ်ကို ထိရောက်စွာ ကာကွယ်တားဆီးတိုက်ဖျက်ရန် မိုက်ကရိုဘိုင်ဆိုက် ဒြပ်ပေါင်းပစ္စည်းကို ထုတ်လုပ်ရန်သုတေသနပြုနေ

အာရှနှင့် ပစိဖိတ်ဒေသ အချို့နိုင်ငံများတွင် အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးကို သက်ဆိုင်ရာအစိုးရများက ဦးဆောင်ကာတိုက်ဖျက်နေသကဲ့သို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိနေကြသည်။

၂၀၀၃ခုနှစ်ကုန်မှစတင်ကာ အိပ်ချ်အိုင်ဗွီပိုင်းရပ်မကူးစက်မပြန့်ပွားရန် ထိန်းချုပ်ရေးအစီအစဉ်များကို ချမှတ်ပေးခဲ့ကာ သက်ဆိုင်ရာနိုင်ငံများမှ အစိုးရနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

❒ *ကျောဖုံးမှ*

ရှင်းလင်းပြောကြား

"မြန်မာနိုင်ငံတွင် HIV/AIDS ရောဂါနှင့် ပတ်သက်ပြီး National Aid Program လို့ခေါ်တဲ့ NAP ကို ချမှတ်ပြီး ပြည်တွင်းမှာရှိတဲ့ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်လျက် ရှိပါတယ်။ ကျွန်တော်တို့ဆောင်ရွက်မှုတွေကို UN Agency ဖြစ်တဲ့ UN Expanded Theme Group ရဲ့ (၂၀၀၃-၂၀၀၄) နဲ့ Technical World Theme ကော်မတီရဲ့ ၂၀၀၅ စက်တင်ဘာလမှာ သုံးသပ်ချက်တွေကို မှီငြမ်းပြုစုတဲ့ အချက်အလက်တွေအရ HIV ဖြစ်ပွားနှုန်းဟာ ၁၉၉၀ပြည့်နှစ်ထက်စာရင် ထက်ဝက်နီးပါး ကျဆင်းလာကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပြီး ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း သိသိသာသာ ကျဆင်းလာကြောင်းလဲ ထပ်မံဖော်ပြထားပါတယ်"လို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေး ကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆) တွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ရှင်းလင်းပြောကြားခဲ့သည်။

၂၀၀၅ခုနှစ်က ဂျပန်နိုင်ငံ ကိုဘေးမြို့တွင် ပြုလုပ်ခဲ့သော ခုနစ်ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသအေအိုင်ဒီအက်စ်ဆိုင်ရာဆွေးနွေးပွဲနှင့် ပြပွဲကြီးတွင် မြန်မာနိုင်ငံမှ မြန်မာ့မီးရထားဆရာဝန်ကြီး ဒေါက်တာကျော်ဝင်းက ၎င်းတင်ပြသော ပိုစတာနှင့်ပတ်သက်၍ ဤသို့ ရှင်းလင်းပြသခဲ့သည်။ (မြန်မာ့အလင်း)

ဟန်ချက်ညီညီ

မြန်မာနိုင်ငံသည် အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးကို နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံအများအပြားနှင့် ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်လျက်ရှိရာတွင် အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေး ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် စာတမ်းဖတ်ပွဲများကိုလည်း ပြည်ပနိုင်ငံများတွင် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။

ဂျပန်နိုင်ငံ ကိုဘေးမြို့တွင် ၂၀၀၅ ခုနှစ် ဇူလိုင် ၁ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သော ခုနစ်ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာဆွေးနွေးပွဲကြီးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ထိုညီလာခံ၌ အာရှနှင့် ပစိဖိတ်ဒေသတွင် ဖြစ်ပွားနေသော အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုအခြေအနေနှင့် တားဆီးကာကွယ်နေမှုများကို အဓိကထားဆွေးနွေးခဲ့ကြသည်။

The Japan Times

Saturday, July 2, 2005

AIDS time bomb is Asia: Kobe forum

By ERIC JOHNSTON
Staff writer

KOBE — Medical professionals, scholars, community leaders and those who are HIV positive from around Asia and the Pacific gathered Friday in Kobe to begin a five-day conference on the region's growing HIV/AIDS crisis.

"Asia and the Pacific are now home to a rapidly expanding HIV and AIDS epidemic. Last year, there were a total of 8.2 million people in the region who were HIV positive," said Peter Piot, UNAIDS executive director and undersecretary general of the United Nations, just before the opening ceremony stricken by HIV and AIDS and is in need of just as much international assistance, and political attention, in combating the disease.

"The AIDS issue is not restricted to Africa. It is becoming an issue of greater seriousness in Asia," said Tadamitsu Kishimoto, chairman of the 7th ICAAP and a special adviser to the Council for Science and Technology at the Cabinet Office.

A U.N. report on HIV and AIDS in the Asia-Pacific region released earlier this week notes that 21 percent of all people living with HIV in 2004 were in Asia. The region had 24 percent of the world's new HIV infections.

အာရှနှင့် ပစိဖိတ်ဒေသတွင် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုမှာ ၂၀၀၄နှင့် ၂၀၀၅ခုနှစ်များ၌ စုစုပေါင်း ၈ ဒသမ ၂သန်းခန့်ရှိရာ ရောဂါဖြစ်ပွားသူအရေအတွက်မှာ တဖြည်းဖြည်းများပြားလာကြောင်း၊ ၎င်းအရေအတွက်တွင် အိပ်အိုင်ဗွီဗိုင်းရပ်စ်ပိုးကူးစက်ခံရသူဦးရေလည်းပါဝင်ကြောင်း ကုလသမဂ္ဂ၏ အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ ပီတာပေါ့တ်က ပြောကြားခဲ့သည်။

သို့သော်လည်း အေအိုင်ဒီအက်စ်ရောဂါသည် အာရှပစိဖိတ်ဒေသတွင် အဓိကခေါင်းထောင်နေသော ရောဂါတစ်ခုဖြစ်ပြီး အာရှနှင့် ပစိဖိတ်ဒေသလူ့အဖွဲ့အစည်းအတွက် ဖြေရှင်းရမည့် အဓိကကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲပင် ဖြစ်သည်။

ထို့ကြောင့် အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂအနေဖြင့် တောင်နှင့် အရှေ့တောင်အာရှတွင်

ကာကွယ်တားဆီး

ကုလသမဂ္ဂ၏ တောင်နှင့်အရှေ့တောင်အာရှဒေသတွင် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် ပတ်သက်၍ ရောဂါကာကွယ်နိုင်ခဲ့မှုအနေအထားကို ဖော်ပြရာ၌ အခကြေးငွေဖြင့် လိင်လုပ်ကိုင်စားသူ ငါးဦးလျှင် တစ်ဦး၊ မူးယစ်ဆေးဝါး သုံးစွဲသူ ၂၀လျှင် တစ်ဦးနှင့် လိင်အပျော်အပါးလိုက်စားသူ ၅၀လျှင် တစ်ဦးကို ထိရောက်သော

စာမျက်နှာ ၇ ကော်လံ ၁ သို့

7th ICAAP News

Friday 1 July 2005 The daily newspaper of the Seventh International Congress on AIDS in Asia and the Pacific

HIV/AIDS in Japan/ Page 2 | Interview / Page 3 | Opening Ceremony / Page 4

AIDS in Asia and the Pacific: Scale-up or pay the price later

The latest report on HIV/AIDS in Asia and the Pacific was published today to coincide with the opening of the biennial International Conference on AIDS in Asia and the Pacific (ICAAP) in Kobe, Japan.

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

အေအိုင်ဒီအက်စ်ရောဂါဆိုးကို သဲပန်းပုဖြင့် လှုံ့ဆော်တိုက်ဖျက်မည်

လူသိများကျော်ကြားလှသည့် အိန္ဒိယသဲပန်းပုပညာရှင် ဆုဒါရှန်ပက်နက်ခ်သည် ကနေဒါနိုင်ငံ ဗန်ကူဗာမြို့၌ ကျင်းပမည့် ကမ္ဘာ့သဲပန်းပုချန်ပီယံပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲရန် ဖိတ်ကြားခြင်းခံရသူဖြစ်သည်။

၎င်းသည် ယခင်နိုင်ငံတကာ သဲပန်းပုချန်ပီယံများ ၁၄ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

ယခုနှစ်တွင် ကမ္ဘာ့သဲပန်းပုချန်ပီယံပြိုင်ပွဲကျင်းပမည့်အကြောင်းအရာမှာ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးအကြောင်းအရာဖြစ်သည်။

ယမန်နှစ်က မစ္စတာပက်နက်ခ်သည် ဘာလင်သဲပန်းပုချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် အိန္ဒိယအရှေ့ပိုင်း အိုရစ္စကမ်းခြေရှိ မြို့လေးတစ်မြို့၌ အခြေစိုက်နေထိုင်လျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် အေအိုင်ဒီအက်စ်ဖြစ်ပွားမှု မြင့်မားလာသဖြင့် အထက်ပါအကြောင်းအရာကို ရွေးချယ်ထားကြောင်း မစ္စတာပက်နက်ခ်က ပြောကြားသည်။

အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်သည် ကမ္ဘာ့လူသားများကို အဓိကသတ်ဖြတ်နေသည့်ရောဂါဆိုးကြီးဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံတွင် ၎င်းရောဂါဖြစ်ပွားမှု မြန်ဆန်လာကြောင်းဖြင့်လည်း ၎င်းကပြောဆိုသည်။ **(ကိုးကား-အင်တာနက်)**

ရခိုင်ပြည်နယ် မိခင် / ကလေးစောင့်ရှောက်ရေးအသင်း လုပ်ငန်းညှိနှိုင်း လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရမြို့နယ်အသင်းများအား ဆုချီးမြှင့်

နေပြည်တော် မေ ၁၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၈ရက် နံနက် ၈နာရီက တိုင်းစစ်ဌာနချုပ် အမ်းတောင်ခန်းမဌ်ကျင်းပသည့် ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်ကြီးကြပ်ရေးအဖွဲ့များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် အဆိုပါခန်းမဌ်ကျင်းပသည့် ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ ထောက်ပံ့ငွေပေးအပ်ပွဲ တက်ရောက်ပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ ထောက်ပံ့ငွေကျပ် သိန်း ၃၀ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီးဒေါ်ဝင်းဝင်းနုက လက်ခံရယူသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြည်နယ်အသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုက အသင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရမြို့နယ်အသင်းများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**



၂၀၀၅ခုနှစ် ဇူလိုင် ၁ ရက်မှ ၅ ရက်အထိ ဂျပန်နိုင်ငံ ကိုဘေးမြို့တွင် ကျင်းပခဲ့သော ခုနစ်ကြိမ်မြောက် အာရှ၊ ပစိဖိတ်ဒေသ အေအိုင်ဒီအက်စ် ရောဂါဆိုင်ရာ ဆွေးနွေးပွဲနှင့် ပြပွဲ၏ ပြခန်းတစ်စိတ်တစ်ဒေသကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

စာမျက်နှာ ၆ မှ

ကာကွယ်တားဆီးမှုများ ပြုလုပ်ပေးနိုင်ခဲ့သည်။ ကုလသမဂ္ဂ၏ အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ စီမံခန့်ခွဲမှု ညွှန်ကြားရေးမှူး ပီတာပေါ့တ်က ပြောကြားခဲ့သည်။

အရှိန်အဟုန်မြှင့်

ကမ္ဘာတွင် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှု အများဆုံးမှာ အာဖရိကဒေသဖြစ်ပြီး ကုလသမဂ္ဂနှင့် သက်ဆိုင်ရာ အစိုးရများက ကာကွယ်တားဆီးရေးနှင့် အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင် အေအိုင်ဒီအက်စ်ဆိုင်ရာ နိုင်ငံတကာ ညီလာခံတစ်ရပ်ကို ကျင်းပလျက်ရှိပြီး ၎င်းညီလာခံမှ အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကို ထိရောက်စွာ တိုက်ဖျက်ရေးပစ္စည်း ထုတ်လုပ်ရန်နှင့် ၎င်းပစ္စည်းအပေါ် သုတေသန ပြုလုပ်ရာတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်ကြရန် နှိုးဆော်တိုက်တွန်းထားသည်။

အသုံးပြုနိုင်

အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကို ထိရောက်စွာ ကာကွယ်တားဆီးတိုက်ဖျက်ရန် မိုက်ကရိုဘိုင်ဆိုက်ဒြပ်ပေါင်းပစ္စည်းကို ထုတ်လုပ်ရန် နိုင်ငံအများအပြားက သုတေသနပြုနေကြပြီ။ မိုက်ကရိုဘိုင်ဆိုက်သည် အေ့ဒ်စ်ရောဂါကဲ့သို့ လိင်ဆက်ဆံရာမှရရှိသော ရောဂါများကို ကာကွယ်ရန်အတွက် အမျိုးသမီးများ၏ သားအိမ်လမ်းကြောင်းအတွင်း ထည့်သွင်းအသုံးပြုနိုင်မည့်ပစ္စည်းဖြစ်သည်။ မိုက်ကရိုဘိုင်ဆိုက်ပစ္စည်းကို လက်တွေ့စမ်းသပ်စစ်ဆေးမှု အောင်မြင်ခဲ့ပါက လာမည့် ၂၀၀၈ ခုနှစ်ခန့်တွင် ကျယ်ပြန့်စွာ အသုံးပြုနိုင်တော့မည်ဖြစ်သည်။

အာဖရိကဆာဟာရဒေသ

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံနေရသူဦးရေမှာ တဖြည်းဖြည်းများပြားနေပြီး အေအိုင်ဒီအက်စ်ရောဂါကြောင့်သေဆုံးရသူဦးရေမှာ ၂၈သန်းခန့်ရှိနေသည်။ နေ့စဉ်အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးသူ ၈၀၀၀ခန့်ရှိနေပြီး အများဆုံးမှာ အာဖရိကဆာဟာရဒေသခွဲမှ ဖြစ်သည်။

လွန်ခဲ့သည့် ၁၉၈၁ခုနှစ်ခန့်က စတင်စမ်းသပ်တွေ့ရှိခဲ့သော အေအိုင်ဒီအက်စ်ရောဂါသည် ယခုအခါ ကမ္ဘာပေါ်တွင် စတုတ္ထမြောက် လူသေဆုံးမှု အများဆုံးရောဂါအဖြစ် တည်ရှိနေဆဲဖြစ်သည်။ လိင်ဆက်ဆံရာတွင် ကွန်ဒုံးအသုံးပြုခြင်းအပြင် လိင်ဆက်ဆံမှု လျှော့ချခြင်းတို့ကို ကမ္ဘာ့ပြည်သူများအား စည်းရုံးနိုင်ခဲ့သော်လည်း အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ကာကွယ်တားဆီးရေး မဟာဗျူဟာဆိုင်ရာ အစီအစဉ်များ လိုအပ်နေဆဲပင်ဖြစ်သည်။

ရာခိုင်နှုန်း

ကမ္ဘာ့ပြည်သူများ အနေဖြင့် အေအိုင်ဒီအက်စ်ရောဂါနှင့် ပတ်သက်၍ ဗဟုသုတများ ထိုက်သင့်အားလျော်စွာ သိရှိနေကြလင့်ကစား အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးကူးစက်မှုသည်ကမ္ဘာတစ်ဝန်းတွင် မြင့်မားနေဆဲပင်ဖြစ်သည်။ ထိုသို့ အေအိုင်ဒီအက်စ် ကူးစက်ပြန့်ပွားရာတွင် အာရှ၊ ပစိဖိတ်ဒေသသည် ကမ္ဘာ့အိပ်ချ်အိုင်ဗွီ ရောဂါကူးစက်မှု၏ ၂၄ ရာခိုင်နှုန်းခန့် ရှိနေသည်။

အောင်မြင်မှုရ

ထို့ကြောင့်အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေး၊ ရောဂါမကူးစက်မပြန့်ပွားအောင် ကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများကို မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ ဖြစ်ထွန်းရရှိလျက်ရှိသည်။

အရှိန်အဟုန်မြှင့်

ထို့အပြင် မြန်မာနိုင်ငံအတွင်း အေအိုင်ဒီအက်စ်ရောဂါနှင့် ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲများ၊ စာအုပ်စာတမ်းများ ထုတ်ဝေခြင်းနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ၊ နိုင်ငံတော်အစိုးရက အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေး စီမံချက်များ ချမှတ် ဆောင်ရွက်ခြင်းများကို အရှိန်အဟုန်မြှင့်၍ ပြုလုပ်နိုင်ခဲ့မှုကြောင့် သိသာထင်ရှားသော အောင်မြင်မှုများ ရရှိနေကြောင်း တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနား မြစ်ကြီးနားမြို့ မြို့တော်ခန်းမဌ် ကျင်းပ

နေပြည်တော် မေ ၁၃

၂၀၀၆ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၈ရက် နံနက် ၁၀နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမဌ်ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်နုနုဆွေ၊ မြစ်ကြီးနားလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဇော်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာအလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ အခမ်းအနားကို နွေရာသီကြက်ခြေနီသင်တန်းများမှ သင်တန်းသား သင်တန်းသူများ က **“မြင့်မြတ်ဂုဏ်ရည် ကြက်ခြေနီ”** တေးသီချင်းဖြင့် စုပေါင်းသီဆိုဖွင့်လှစ်ပြီးနောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာမောင်မောင်မြင့်က ကမ္ဘာ့ကြက်ခြေနီနေ့အကြောင်း သိကောင်းစရာများကိုဟောပြောပြီး ကချင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ အလှူငွေများပေးအပ်လှူဒါန်းကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ငွေကျပ်ငါးသိန်း၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသိန်း၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်တစ်သိန်းစီ၊ မြစ်ကြီးနား မြို့ပေါ်ရှိ မော်တော်ယာဉ်အသင်းများက ငွေကျပ်သုံးသိန်း၊ သစ်စက်လုပ်ငန်းရှင်များ၊ တည်းခိုခန်းလုပ်ငန်းဦးချစ်ဆွေ၊ တောင်သုံးလုံးဆေးတိုက်၊ အလှတစ်ရာဆေးတိုက်နှင့် နဂါးနှစ်ကောင်ဟိုတယ်တို့က ငွေကျပ်တစ်သိန်း စီစုစုပေါင်း ငွေကျပ်သိန်း ၂၀ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက လက်ခံရယူ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီး၊ တက်ရောက်လာကြသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြည်နယ်ကြက်ခြေနီအသင်း လူမှုရေးဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖျာပုံခရိုင်မှ လေဘေးသင့်အိမ်ထောင်စုများအတွက် ကျပ် ၃၈ သိန်း၊ ဆန် ၇၆ အိတ်နှင့် ဆေးဝါးများလှူဒါန်း

နေပြည်တော် မေ ၁၃

ဧရာဝတီတိုင်း ဖျာပုံခရိုင်အတွင်း လေဘေးသင့်အိမ်ထောင်စုများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို မေ ၈ ရက် နံနက် ၁၁ နာရီက ကျိုက်လတ်မြို့ ရွှေဝါလတ်ခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်

အစီအစဉ်အရ တိုင်းမှူးကအမှာစကားပြောကြားပြီး ဧရာဝတီတိုင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေး စီမံခန့်ခွဲမှုကော်မတီက လှူဒါန်းသည့် ငွေကျပ် ၃၈ သိန်း၊ ဆန်အိတ် ၇၆ အိတ်နှင့် တိုင်းစစ်ဌာနချုပ်က လှူဒါန်းသည့် အဝတ်အထည်မျိုးစုံတို့ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်ထံသို့ ပေးအပ်သည်။

ထို့နောက် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန်းထွန်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပေးအပ်လှူဒါန်းသည့် ပစ္စည်း ၁၃ မျိုးပါ ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း၊ တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူးက တိုင်းကျန်းမာရေး ဦးစီးဌာနကလှူဒါန်းသည့် ဆေးဝါးပစ္စည်းများကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဖျာပုံ–ကျိုက်လတ်–မအူပင်လမ်းအား စက်ယန္တရားကြီးများဖြင့် လမ်းသား တိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မအူပင်မြို့ ရွှေဘုန်းမြင့်စေတီတော်အား ဝင်ရောက်ဖူးမြော် ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီး (၁၃)ကြိမ်မြောက် ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော်ကို မေ ၁၁ ရက် နံနက်က ရင်ပြင်တော်ပေါ်ရှိ ဗောဓိညောင်ပင်တွင် ကျင်းပရာ ဝတ်အသင်းအဖွဲ့များက ညောင်ရေသွန်းလောင်းလှူကြစဉ်။
(၁၂၉)

တောတောင်ရယ် သာစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

■ *ကျောက်ဖြူမှ*

ထို့နောက် တိုင်းမှူးသည် သိန်းနီမြို့ တံတားဦးကွင်းရှိ ဆင်းရွှေလီ နွေစပါးစံပြစိုက်ခင်းနှင့် အမှတ်(၁) ရပ်ကွက် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးစံပြ၁၀ဧကစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

တက်ရောက်အားပေး

ထိုမှတစ်ဆင့်တိုင်းမှူးသည်သိန်းနီမြို့နယ် စယ်အူကျေးရွာ ကျေးလက်မီးလင်းရေး ၁၁ ကေဗွီရေအားလျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲသို့ တက်ရောက်အားပေးရာ အစီအစဉ်အရ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာဦးအယ်လ်ဇော်ဆမ်က ကျေးလက်မီးလင်းရေး ၁၁ ကေဗွီ ရေအားလျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လားရှိုးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခွန်ဆေးက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦး၊ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအယ်လ်ဇော်ဆမ်၊ ဒေသခံတိုင်းရင်းသားအဖွဲ့မှ ဦးကန်နနှင့် အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးစိုင်းကျော်မြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က လျှပ်စစ်ဓာတ်အားလိုင်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် သိန်းနီမြို့နယ် ကွန်ကောက်ကျေးရွာမှ လေးမိုင်အကွာရှိ ကျေးလက်မီးလင်းရေး ရေအားလျှပ်စစ် စက်ရုံအခြေအနေနှင့် စယ်အူ–ကွန်ကောက် လျှပ်စစ်ဓာတ်အားလိုင်း သွယ်ယူခြင်း လုပ်ငန်းအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သိန်းနီမြို့နယ် စယ်အူကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသော သိန်းနီမြို့နယ် စယ်အူ၊ ကွန်ကောက်နှင့် နမ့်စလပ် ကျေးရွာများအတွက် ရုပ်မြင်သံကြားစက်၊ ရေဒီယို၊ စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးအမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးက နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၁၂၅ သိန်းကို ပေးအပ်ရာ ဒေသခံတိုင်းရင်းသားအဖွဲ့မှ ဦးကန်နက လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကျော်ရွှေက သိန်းနီမြို့နယ် စယ်အူ၊ ကွန်ကောက်နှင့် နမ့်စလပ်ကျေးရွာများရှိ ကျေးရွာစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားစက်၊ ရေဒီယို၊ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက လက်ခံရယူပြီး ဒေသခံပြည်သူများ ကိုယ်စား ပြည်နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦး က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး

ထို့နောက် တိုင်းမှူးသည် ကျောင်းစာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ခင်းကျင်းပြသစုဆောင်းထားရှိမှုကိုကြည့်ရှု၍ စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနေကြသော ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် စယ်အူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအတွင်း စာသင်ဆောင်များ၊ စာသင်ခန်းများနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကျောင်းပရဝဏ်စိမ်းလန်းသာယာလှပရေးအတွက် နှစ်ရှည်ပင်များ၊ အရိပ်ရပင်များ၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးဆောင်ရွက်ရေးမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သိန်းနီမြို့နယ် စယ်အူကျေးရွာအနီး နမ့်မျှင်ချောင်း မျောရိုက်ကျောက်ဖြည့်ဆည်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြားဖြည့်ဆည်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် မန်မော်ဒေသရှိ တိုင်းစစ်ဌာနချုပ်၏ ဘိန်းအစားထိုး သီးနှံမျိုးစေ့ထုတ် ပြောင်း၊ နေကြာ၊ ပဲစင်းငုံ၊ ကြံစိုက်ပျိုးရေးနှင့် ပျားမွေးမြူရေး စံပြဧက ၅၀၀သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လုပ်ငန်းလိုအပ်ချက်များမှာကြား

ထို့နောက် တိုင်းမှူးသည် စိုက်ခင်းအတွင်း အထွက်ကောင်းကြံပင်များဖြစ်ထွန်းအောင်မြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စိုက်ခင်းတာဝန်ခံအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာ ခြံစည်းရိုး ကြက်ဆူပင်ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● *ရွှေဖုံးမှ*

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် မရမ်းကုန်းကျေးရွာနှင့် ကျိုက္ကော်ကျေးရွာ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး သထုံမြို့နယ် ဈေးမသွယ်ကျေးရွာ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်သို့ သွားရောက်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုများကိုလည်းကောင်း၊ စိုက်ခင်း ၂၇ ဒသမ ၅၅ ဧကတွင် ခြံစည်းရိုးကြက်ဆူပင် ၃၃၀၆၀၀ စိုက်ပျိုးနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

စိုက်ပျိုးလျက်ရှိ

သထုံမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် ၁၁၆၂ ဒသမ ၂၅ ဧကနှင့် ကြက်ဆူ ပင်ပေါင်း ၁၃၉၄၇၀၀ ကို စိုက်ပျိုးထားရှိပြီး လျာထားဧကပြည့်မီရေး ဆက်လက် စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဒုံသမိ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းလှိုင်က ဒုံသမိ လျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်း တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားကာ စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အကျိုးပြုစိုက်ပျိုးသွားမည်

ဒုံသမိလျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာတွင် တည်ရှိပြီး ဒုံသမိမြစ်မှ မြစ်ရေကို ရေပေါ်ရေတင်စနစ်ဖြင့် စိုက်ပျိုးမြေဧက ၃၃၀၀၀ကို စိုက်ပျိုးရေပေးဝေမည်ဖြစ်ပြီး နွေစပါးသီးထပ်နှင့် စားဖိုဆောင်သီးနှံများကိုပါ အကျိုးပြုစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလှူငွေပေးအပ်

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် အနောက်ဘက်မုခ်ဦးတွင် ဆလိုက်မီးတပ်ဆင်ရန်အတွက် ရန်ကင်းမြို့နယ် ၁၄ ရပ်ကွက် အမှတ် ၁၆ မဟာဗောဓိလမ်းနေ ဦးတိုးလွင်–ဒေါ်ကေသီခိုင်သား လွင်ကိုဦး မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးထံ အလှူငွေပေးအပ်စဉ်။ (ကဥ–ပ)

ဘီလပ်မြေစတားက စောသဲအေး(တွံတေး)ကို အလဲထိုးအနိုင်ယူ KLNကလပ်မှ ထစ်ချွန်းက ဇာနည်မင်း(မြွေဟောက်မင်း)ကို အနိုင်ရ

✡ **ကျောဖုံးမှ**

ယနေ့ပွဲစဉ်များတွင် ငါးချီပြည့်သည်အထိ ထိုးသတ်ရသောပွဲများနှင့် အလဲထိုးအနိုင်ယူသောပွဲများပါဝင်၍ ပရိသတ်အကြိုက်တွေ့ပြီး လက်ခုပ်သံများ လှိုင်ခဲ့သည်။

ဘီလပ်မြေစက်ရုံ

ကွာတားဖိုင်နယ် ပွဲစဉ်များ၌ အနီထောင့်မှ ထိုးသတ်ရသော လက်ဝှေ့သမားများ အနိုင်များပြီး တာစားခဲ့သော်လည်း ယနေ့ပွဲစဉ်၌ အပြာထောင့်မှ လက်ဝှေ့သမားများက ခုနစ်ပွဲအနိုင်ရပြီး အနီထောင့်မှ လက်ဝှေ့သမားများက တစ်ပွဲသာ အနိုင်ရခဲ့သည်။ ဘီလပ်မြေစက်ရုံကလပ်မှ လက်ဝှေ့ကျော်များ အပြာထောင့်မှသာ ထိုးသတ်ခဲ့ရပြီး လေးဦးစလုံး အနိုင်ရရှိခဲ့သည်။ ဘီလပ်မြေစက်ရုံကလပ်မှ လက်ဝှေ့ကျော်များ လက်စွမ်းပြပြီး ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ကြရာ အသင်းလိုက် တံခွန်စိုက်ဆုဆွတ်ခူးရန် အလားအလာကောင်းလျက်ရှိသည်။

ပွဲစဉ်(၁၇)လိုက်ဖလိုင်းဝိတ်တန်း ၄၈ကီလို အကြိုဗိုလ်လုပွဲစဉ် အဖြစ် နေစိုးအောင် (တောင်ကလေး)နှင့် နိုင်ဝင်း(ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ နိုင်ဝင်း(ဘီလပ်မြေစက်ရုံ)က အမှတ်ဖြင့် အနိုင်ရရှိသည်။ ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်၍ အမှတ်ပေးစနစ်ဖြင့်ဆုံးဖြတ်ရာ ဒိုင်လူကြီးငါးဦးအနက်မှ လေးဦးက နိုင်ဝင်းကို အနိုင်ပေးခဲ့သဖြင့် ဗိုလ်လုပွဲသို့တက်လှမ်းသွားပြီဖြစ်သည်။

အသည်းမာ

နေစိုးအောင် အလုံးအထည် ပိုသာပြီး ဦးဆောင်ထိုးသတ်နိုင်သော်လည်း လက်သီးများ အားမပါ၍ နိုင်ဝင်း၏ ထောက်လက်သီးဒဏ်ကို ခံစားလိုက်ရသည်။ လူကောင်သေးသော လက်ဝှေ့သမားနှစ်ဦး ထိုးသတ်ခြင်းဖြစ်ပြီး သတ်လုံးသတ်ကွက် သာမန်မျှဖြစ်၍ ပွဲအေးနေသည်။ စတုတ္ထအချီတွင် နှစ်ဦးစလုံး ရှင်းခနဲ လင်းခနဲ အပြန်အလှန် ထိုးသတ်ကြသော်လည်း နေစိုးအောင်၏ လက်သီးက ပန်းနှင့်ပေါက်သည့်နှယ်ဖြစ်နေ၍ နိုင်ဝင်း အသာရခဲ့သည်။ ပဥ္စမအချီတွင် နိုင်ဝင်းက လက်သီးသေးသော်လည်း ခပ်ဆတ်ဆတ်ထိုး၍ နေစိုးအောင် မျက်ခုံးကွဲပြီး သွေးစီးကျလာသည်။ နိုင်ဝင်းက လူငယ်သော်လည်း အသည်းမာ၍ အမှတ်ပေးဒိုင်လူကြီး လေးဦးက အနိုင်သတ်မှတ်ပေးခဲ့သည်။

ပွဲစဉ်(၁၈) လိုက်ဖလိုင်းဝိတ်တန်း ၄၈ကီလို အကြိုဗိုလ်လုပွဲစဉ် အဖြစ် စောသဲဝေ(တွံတေး)နှင့် မိုးသီး (မြန်မာပြည်သား)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ မိုးသီး(မြန်မာပြည်သား)က ပဉ္စမအချီ ၁မိနစ်၃စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်လှမ်းသွားသည်။ နှစ်ဦးစလုံး အလုံးအထည် ကောင်းပြီး ထိုးသတ်ပုံ မာန်ပါ၍ ပရိသတ် လက်ခုပ်သံမြိုင်ခဲ့သည်။ ပထမအချီစသည်နှင့် အဖမ်းအချုပ်ကို တွဲလုံးရော၍ထိုးသည်။ အခုန်အပျံ အစုန်အဆန်ထိုးရာ မိုးသီး လက်ရည်သာသည်မှာ ပေါ်လွင်လာသည်။

အမှားမခံ

စောသဲဝေက ဝါးရုံပင်ကွဲခတ်သလို လိုက်ထိုးသော်လည်း မိုးသီး ပညာသားပါပါရှောင်ပြီးမှ ချက်ကောင်းကိုပြန်ထိုးသည်။ နှစ်ဦးသားပြိုင်ထိုး၊ ဆိုင်ထိုးပုံကောင်းလှ၍ အနားပေးချိန်တွင် ပရိသတ်များက ဆုငွေများချီးမြှင့်ကြသည်။ အသွားအပြန် အမှားမခံသည့်ပွဲဖြစ်သော်လည်း စောသဲဝေက အနာခံပြီး ရဲရဲဝင်ထိုးသည်။ မိုးသီးကချုပ်ပြီး ခေါင်းတိုက်ရန်အလုပ် စောသဲဝေက ဝိုက်လက်သီးပစ်သွင်းရာ မိုးသီး ပြာထွက်သွားသည်။

စောသဲဝေက လိုက်ထိုးရာ မိုးသီးက ချုပ်သိုင်းပိုင်ရင် လုပ်တိုင်းနိုင်တယ် ဟူသောစကားကဲ့သို့ မလှုပ်သာအောင် ချုပ်လုံချသည်။ မိုးသီးကအားသန်၍ ဆွဲအချ စောသဲဝေကထိုင်ကျသွားသည်။ စောသဲဝေကောင်းကောင်းထိုးသလောက် မိုးသီးက ကြိုးဝိုင်းပတ်ရှောင်နေ၍ ပရိသတ်က စောသဲဝေကို အားပေးသည်။ သည်လိုနှင့်ပဥ္စမအချီ၌ စောသဲဝေဇွတ်တိုးအဝင် မိုးသီးက ထောက်လက်သီးပစ်သွင်းရာ စောသဲဝေပုံကနဲကျသွားသည်။ ဒိုင်လူကြီး အမှတ်စဉ် ရေတွက်ပြီးသည် အထိ စောသဲဝေ ထမလာနိုင်၍ ဘီလပ်မြေစက်ရုံကလပ် တာထွက်ကောင်းသွားရသည်။

ရွှေကျည်ဆံ

ပွဲစဉ်(၁၉) ဖလိုင်းဝိတ်တန်း ၅၁ကီလို အကြိုဗိုလ်လုပွဲစဉ် အဖြစ် အောင်မြင့်စိန်(တွံတေး)နှင့်ရွှေကျည်ဆံ (ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ ၁မိနစ်၌ ရွှေကျည်ဆံ (ဘီလပ်မြေစက်ရုံ)က အလဲထိုးဖြင့် အနိုင်ရသည်။ ရွှေကျည်ဆံဆိုသည့်အတိုင်း လက်သီးနှင့် ဒူးက မြန်လှသည်။ အောင်မြင့်စိန်၏ခါးကို ရွှေကျည်ဆံက ဒူးချက်ပိုင်ပိုင် ပစ်သွင်းရာ အောင်မြင့်စိန် ကြိုးဝိုင်းဘေးပုံလျက်လဲကျပြီး ပြန်မထလာတော့ချေ။

ပွဲစဉ်(၂၀) ဖလိုင်းဝိတ်တန်း ၅၁ကီလို အကြိုဗိုလ်လုပွဲစဉ် အဖြစ် ထစ်ချွန်း(KLN)နှင့်ဇာနည်မင်း(မြွေဟောက်မင်း)တို့ယှဉ်ပြိုင်ထိုးသတ်ရာ ထစ်ချွန်း(KLN)က တတိယအချီ၌ အနိုင်ရရှိသည်။ ဇာနည်မင်းက ပညာသားမပါ ဗလာလက်သီးဖြင့် ခပ်ရမ်းရမ်း ဝင်ထိုးရာ ပွဲအစပိုင်းဟုတ်မလိုလိုရှိသော်လည်း ထစ်ချွန်းက ချက်ကောင်းကို နှစ်ချက်လောက် ဆင့်ထိုးလိုက်သည့်နောက် အဖြေပေါ်သလောက်ဖြစ်သွားသည်။

မျက်နှာသုတ်ပဝါပစ်တင်

ဇာနည်မင်းက ဒုတိယအချီ၌ သက်လုံကျလာရာ ထစ်ချွန်းက အောက်ပိုင်းကို ဖြုတ်ရိုက်၍ ဒယီးဒယိုင်ဖြစ်သွားသည်။ တတိယအချီ စ,စချင်း ထစ်ချွန်းက ညာခြေဖြင့်ခတ်ရာ ဇာနည်မင်းလဲကျပြီး အခြေမလှ၍ အမှတ်စဉ်ရေတွက်ခြင်းခံရသည်။ ဇာနည်မင်း ပြန်ထပြီး ဟန်ပြလောက်ထိုးရန် ကြိုးစားသော်လည်း သူ့ချည်းခံနေရသဖြင့် ကြိုးဝိုင်းထောင့်မှ နည်းပြဆရာက မျက်နှာသုတ်ပဝါပစ်တင်ပြီးအရှုံးပေးလိုက်သည်။ KLN ကလပ်မှ ထစ်ချွန်း ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ရာ ပွဲသိမ်းမြန်သော ရွှေကျည်ဆံနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပွဲစဉ်(၂၀) ဘင်တန်ဝိတ်တန်း ၅၄ကီလို အကြိုဗိုလ်လုပွဲစဉ် အဖြစ် သိုးကောင်း (မြန်မာပြည်သား)နှင့် ဒေါနအောင်(ကျွဲမင်း)တို့ ယှဉ်ပြိုင်ရာ ဒေါနအောင်(ကျွဲမင်း)က အမှတ်ဖြင့် အနိုင်ရရှိသည်။ ငါးချီပြည့်သည်အထိ အလဲအကွဲမထိုးနိုင်ကြ၍ အမှတ်ပေးစနစ်ဖြင့်ဆုံးဖြတ်ရာ ဒိုင်လူကြီးငါးဦးစလုံးက ဒေါနအောင်ကို အနိုင်ပေးလိုက်ခြင်းဖြစ်သည်။

ထိုးချက်စုံ

လက်ရည်ညီသော ပွဲဖြစ်၍ ပရိသတ် အကြိုက်တွေ့ခဲ့သည်။ ဒေါနအောင်က အရပ်မြင့်၍ ခြေကန်ချက်မှာ တစ်ပန်းသာပြီး ခပ်ခွာခွာကစားရင်း အသာစီးရသွားခြင်း ဖြစ်သည်။ ဒေါနအောင်က ချုပ်သိုင်းနှင့်အတူ ဒူးပါရောတင်သည်။ သိုးကောင်းက လက်သီးမြန်၍ ဘယ်ညာတွဲထိုးရာ ဒေါနအောင် မျက်ခုံး မဆိုစလောက်ကွဲသွားသည်။ ဆရာဝန်က ဒဏ်ရာသေး၍ ဆက်ထိုးခွင့်ပြုသည်။ အသည်းစမ်း၍ပွဲကြမ်းရာ နင်လဲ နင်မို့ ထိုးသလား၊ ငါလဲ ငါမို့ ထိုးသလားစကားပမာ ထိုးချက်စုံလှသည်။ ပရိသတ်များသဘောကျ၍ လက်ခုပ်သံမြန်သလို ဆုငွေများလည်း တဖွဲဖွဲ ချီးမြှင့်သည်။

ဒုတိယအချီ၌ မျက်ခုံးကွဲထားသည့် ဒေါနအောင် ခပ်ကြမ်းကြမ်း လိုက်ထိုးရင်း ဒူးပုံ ပေါင်းစပ်ရာ သိုးကောင်း မဟန်ပုံ ပေါ်လာသည်။ လက်ရည်တူ၍ အဖြေထုတ်ရခက်နေသည်။ ဒေါနအောင်က ခေါင်းကိုချုပ်ပြီး ဒူးဖြင့်တိုက်ရန်ကြံသည်။ သိုးကောင်းက အချုပ်မခံဘဲ ဝင်ပူးရာမှ ခါးစည်းပြုတ်၍ ပြန်ချည်ရသည်။ ဒေါနအောင်က ခြေဖြင့်ဆတ်ကန်ဆောင့်ရာ သိုးကောင်းရင်ဘတ်ကို ချက်ကောင်းမိသွားသည်။ ငါးချီပြီးဆုံးသည့်အခါ ပရိသတ်က ဒေါနအောင်ကို အနိုင်ရသင့်သည်ဟု ထင်မှတ်သည့်အတိုင်း ဒိုင်ငါးဦးစလုံးက အကွဲအပြားမရှိတညီတညွတ်တည်း ခြေကန်ကောင်းသည့် ဒေါနအောင်(ကျွဲမင်း)ကို အနိုင်ပေးလိုက်ကြသည်။

ခွပါပါ

ပွဲစဉ် (၂၂) ဘင်တန်ဝိတ်တန်း ၅၄ကီလို အကြိုဗိုလ်လုပွဲစဉ် အဖြစ် သားရွှေသွေး(တောင်ကလေး)နှင့် အသဲစွဲ(ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ အသဲစွဲ(ဘီလပ်မြေစက်ရုံ)က စတုတ္ထအချီ ၄၂စက္ကန့်၌ အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းသွားသည်။ ကွာတားဖိုင်နယ်ပွဲစဉ်၌ အသဲမာမာခွပါပါ ထိုးသတ်ခဲ့ကြသူများဖြစ်၍ လက်ရည်မကွာလှချေ။ လုံးတူဒေါက်တူဖြစ်၍ ပြတ်ပြတ်သားသား အလဲထိုးပွဲဖြစ်မလာဘဲ ကွဲရှုံးသာဖြစ်ခဲ့သည်။

တတိယအချီအထိ သူတစ်ပြန် ကိုယ်တစ်ပြန် အစုန်အဆန်ထိုးနိုင်သော်လည်း အသဲစွဲကလက်ရည်ပိုသာသည်။ သားရွှေသွေးက နောက်မဆုတ်သော်လည်း ခေါင်းကိုလက်ကာပြီး အထိုးခံသလိုဖြစ်နေသည်။ အသဲစွဲက နှစ်ဆင့်ဒူးပျံသုံးပြီး ပညာစွမ်းပြရာ သားရွှေသွေးရင်ဆိုင်မထိုးဘဲ ခပ်ရှောင်ရှောင်လုပ်နေ၍ ပွဲအေးသွားသည်။

စတုတ္ထအချီတွင် အသဲစွဲဝင်ထိုးပြီး ပြန်အထွက်တံတောင်ဖြင့်ပတ်ရိုက်လိုက်ရာ သားရွှေသွေးနားရွက်နောက်နားကွဲသွားသည်။ သွေးထွက်များ၍ ဆရာဝန်က ဆက်ထိုးခွင့် မပြုရာ သားရွှေသွေး ဆေးရှုံး ရှုံးသွားသည်။ အသဲစွဲနှင့်ဒေါနအောင်တို့ ဗိုလ်လုပွဲအတွက် ဆက်အားမွေးကြရမည်ဖြစ်သည်။

လက်သီးစွမ်း

ပွဲစဉ်(၂၃) မစ်ဒယ်ဝိတ်တန်း ၇၅ကီလို အကြိုဗိုလ်လုပွဲစဉ် အဖြစ် စောသဲအေး(တွံတေး)နှင့် ဘီလပ်မြေစတား (ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဘီလပ်မြေစတား(ဘီလပ်မြေစက်ရုံ)က ဒုတိယအချီ ၁မိနစ် ၃၀ စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိသည်။ လက်ဝှေ့ကျော် နှစ်ဦးစလုံး အလုံးအထည် တုတ်တုတ်ခိုင်ခိုင်ဖြစ်၍ အားရပါးရ ပွဲကောင်းတစ်ပွဲကြည့်ကြရသည်။ ပထမအချီ၌ပင် ဘီလပ်မြေစတားက လက်သီးစွမ်းပြလိုက်ရာ စောသဲအေး အမှတ်စဉ်ရေတွက်ခြင်းခံရသည်။

ယခုပြိုင်ပွဲတွင် အနားတောင်းခွင့်မရှိသဖြင့် လက်ဝှေ့ကျော်များအနေဖြင့် အရဲကိုးပြီး စွတ်ဝင်ခဲ့လျှင်ခံစားသွားရသည်ကများသည်။ ယခုပွဲစဉ်၌လည်း လက်ရည်ကွာသည်ကြားမှ စောသဲအေးက ခပ်ရမ်းရမ်းဝင်ထိုးခဲ့ရာ ပွဲသိမ်းမြန်ခဲ့ရသည်။ ဘီလပ်မြေစတားက ကျွဲပေါက်ပမာ အားမာန်ပါပါ ထိုးချက်များက အနှစ်အသား ပါလှသည်။ လက်သီးမြန်သလို ခြေကန်ချက်ကိုပါ တွဲလွှတ်သည်။ ဘီလပ်မြေစတား သတ်လုံးသတ်ကွက်ကောင်းပြီး ပညာစုံသူဖြစ်၍ စောသဲအေး ဘယ်လိုရမ်းရမ်း မဖြိုတမ်းထိုးနေသည်။

ဒုတိယအချီ၌ ဆိုင်းချက်ကမြန်သလို လက်သီးချက်က မြန်နေသည်။ ဘီလပ်မြေစတားက ကွက်ပြည့်နင်းထိုးရင်း ခေါင်းဖြင့်တွဲတိုက်သည်။ စောသဲအေးက မာန်တင်းပြီး လက်သီးဖြင့်လွှတ်ရာ ဘီလပ်မြေစတားခါထွက်သွားသည်။ ဘီလပ်မြေစတားက သည်လိုကြေးလားမေးသည့်ဟန်ပြ၍ ခြေကိုသွက်သွက်ရွှေ့ပြီး စောသဲအေးကို လိုက်ထိုးရာ မေးရိုးကိုချက်ကောင်းမိ၍ ပွဲသိမ်းသွားသည်။ ဘီလပ်မြေစက်ရုံကလပ်၏ အားထားရသော ဘီလပ်မြေစတား ရွှေခါးပတ်ချိန်နိုင်ပြီဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

မစ်ဒယ်ဝိတ်တန်း ၇၅ကီလို၌ စောသဲအေး(တွံတေး)နှင့် ဘီလပ်မြေစတား (ဘီလပ်မြေစက်ရုံ) တို့ ဤသို့ သူတစ်ပြန် ကိုယ်တစ်ပြန် အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ဖလိုင်းဝိတ်တန်း ၅၁ကီလို၌ ထစ်ချွန်း (KLN)၏ မြေမကျ ညာဝိုက်ကန်ချက် ဇာနည်မင်း(မြွေဟောက်မင်း) ရင်ဘတ်အား ထိမိထားခဲ့စဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

မစ်ဒယ်ဝိတ်တန်း ၇၅ကီလိုတွင် စောသဲအေး(တွံတေး)အား ဒုတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသော ဘီလပ်မြေစတား (ဘီလပ်မြေစက်ရုံ)အား ကြိုးဝိုင်းအတွင်းတွေ့ရစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် တတိယအကြိမ် ကိုယ်အလေးချိန် အတန်းအလိုက် တံခွန်စိုက် လက်ဝှေ့ရွှေခါးပတ်ချန်ပီယံလုပွဲကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ လက်ဝှေ့ဝါသနာရှင်များ ဤသို့တစ်ခဲနက်အားပေးခဲ့ကြသည်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

စတုရဋ္ဌသုမင်္ဂလစေတီတော်

စတုရဋ္ဌသုမင်္ဂလစေတီ

ကျိုင်းတုံမြို့နယ် စတုရဋ္ဌသုမင်္ဂလ စေတီတော်ကို ဤသို့ သပ္ပာယ်စွာ ဖူးတွေ့ရသည်။

ကျိုင်းတုံမြို့နယ်(လွယ်မွေဒေသ) စတုရဋ္ဌသုမင်္ဂလစေတီတော် ကုန်းကမူပေါ်သို့ ကျွန်တော်တို့အဖွဲ့ရောက်တော့ နံနက်ဖနာရီထိုးပါတော့မည်။ အမြင့်ပေ ၅၀၀၀ကျော်အထက်ရှိသည့် လွယ်မွေတောင်ပေါ်ဒေသသို့ ကျွန်တော်မရောက်သည်မှာ ကြာခဲ့ပေပြီ။ ယခုတော့ တောင်ပေါ် လွယ်မွေဒေသသို့ လွယ်မွေတောင်ပေါ်ဒေသရှိ ကျေးရွာ ပြည်သူများအတွက် ပညာရေးအလင်းရောင်ဖြစ်သည့် ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားအပါအဝင် လွယ်မွေနယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသား၆၀ စုပေါင်းရှင်ပြုပွဲနှင့် လွယ်မွေဒေသဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ ဦးစီးကျင်းပသော ခြံစည်းရိုးကြက်ဆူပျိုးပင်စိုက်ပျိုးပွဲသို့ တက်ရောက်လေ့လာရန် ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

အထက်ပါအခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အပါအဝင် စစ်ဘက်နယ်ဘက်ဆိုင်ရာ အကြီးအကဲများ စုံညီစွာ တက်ရောက်ကြပါ၏။ လွယ်မွေဒေသသည် အမှန်ပင် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း မြင်ကွင်းတို့က သက်သေပြနေပြီဖြစ်သည်။

တစ်ချိန်က ဤလွယ်မွေတောင်ပေါ်ဒေသသည် လမ်းပန်းဆက်သွယ်ရေးကအစ ပညာရေး၊ ကျန်းမာရေးအဆုံး ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့သည်။ ကျိုင်းတုံလွယ်မွေ တောင်ပေါ်ဒေသခရီး ၁၁မိုင်အတက်ကားလမ်းခရီးကို ခက်ခဲစွာ တွန်းထိုးတက်ခဲ့ရသည်။ မျှော်မဆုံးသည့် ဖွက်တန်းရှည်များသည် ကျိုင်းတုံ လွယ်မွေလမ်းခရီးတွင် ရောမအတားအဆီးဖြစ်ခဲ့ရသည်။

ယခုတော့ ကျိုင်းတုံလွယ်မွေ မိုင် ၂၀ ပတ်ဝန်းကျင် ခရီးသည် ကျောက်စီအမာခံလမ်းဖြစ်သည့်အတွက် တစ်နာရီကျော်ဖြင့် ခရီးရောက်ပါ၏။ လမ်းပန်းခရီး ကောင်းမွန်သည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည်လည်း ထူးခြားစွာ တိုးတက်လာစမြဲပင် မဟုတ်ပါလား။ လွယ်မွေတောင်ပေါ်ဒေသနေ ပြည်သူများ ပညာရေးအလင်းရောင်အဖြစ် စာကြည့်တိုက်ကို သက်ဆိုင်ရာဌာနများမှလည်း စာအုပ်များလှူဒါန်းကြပါ၏။ စာအုပ်စာပေ လူ့မိတ်ဆွေဟု ဆိုရိုးအစဉ်အလာရှိသည်နှင့်အညီ စာအုပ်စာပေဖတ်ရှုခြင်းဖြင့် အကျိုးထူးများ ရရှိနိုင်ကြောင်း "စာရေးဆရာကြီးမန်းတင်"က ဤသို့ မှတ်ချက်ပြုခဲ့ဖူးပါသည်။

ငြီးငွေ့နေလျှင် ပျော်ရွှင်စေ၏။
ဗဟုသုတ ပေးဝေ၏။
စိတ်အားငယ်က တက်ကြွစေ၏။
မာန်လွန်ကဲလျှင် သတိယှဉ်စေ၏။
တရားဓမ္မ လမ်းမှန်ပြ၏။
လောကုတ်လောကီ အဆီအနှစ်
အသစ်အဟောင်း စုပေါင်းပညာ
ဝေဖြာရောင်လင်း အမှောင်ခွင်း၏။

ထိုမှတစ်ဆင့် လွယ်မွေဒေသ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကျင်းပပြုလုပ်သည့် ခြံစည်းရိုးကြက်ဆူပျိုးပွဲတော် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ခဲ့ပါ၏။ ဤပွဲတော်သို့ လွယ်မွေဒေသအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ စိတ်ဝင်စားစွာ တက်ရောက်ကြပြီး ကြက်ဆူပင် စိုက်ပျိုးခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးကို (ရှမ်းအရှေ့) စိုက်ပျိုးရေးဌာန ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာက ဒေသခံပြည်သူများကို အသေးစိတ်ရှင်းလင်းပါ၏။ ပြည်နယ် စိုက်ပျိုးရေး မန်နေဂျာ၏ ရှင်းလင်းချက်များကို ဒေသခံတစ်ဦးက ရှမ်း၊ အာခါ၊ လားဟူဘာသာစကားဖြင့် ထပ်ဆင့်ရှင်းလင်းပြောကြားပါ၏။ တိုင်းရင်းသားများအဖို့ အချိန်တိုအတွင်း ဗဟုသုတတိုးပွားကာ ဇီဝလောင်စာဆီ ရရှိသည့် ကြက်ဆူပင်စိုက်ပျိုးရေးကို အထောက်အကူပြုမည်ဟု ယုံကြည်မိပါသည်။

စတုရဋ္ဌသုမင်္ဂလ လွယ်မွေစေတီတော် ဆိုသည်မှာ 'စတု' ဆိုသည်မှာ လေးခုဖြစ်သည်။ 'ရဋ္ဌ'ဆိုသည်မှာ တိုင်းနိုင်ငံဖြစ်ပြီး၊ 'သုမင်္ဂလ' ဆိုသည်မှာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေရန် ဟူသော အဓိပ္ပာယ်ဖြင့် လွယ်မွေစေတီတော်ကြီး၏ ဘွဲ့တော်ကို သမုတ်ခေါ်ဝေါ်ထားခြင်းဖြစ်သည်။

စိုင်းသိန်း (ကျိုင်းတုံ)

ကျိုင်းတုံလွယ်မွေဒေသသည် နယ်စပ်ဒေသဖြစ်ပြီး ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် လေးနိုင်ငံရှိ ပြည်သူအများ ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေရေးကို ရည်မျှော်တွေးလျက် တည်ထားကိုးကွယ်ခြင်းဖြစ်သည့်အပြင် ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ပြန့်ပွားရေးကို လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်ပါ၏။

ထို့ကြောင့်လည်း စတုရဋ္ဌ သုမင်္ဂလဟု သမုတ်ခေါ်ဝေါ်သည့် လွယ်မွေစေတီတော်အား အခြားသော စေတီပုထိုးများနှင့်မတူ တစ်မူထူးခြားစွာ ဖူးတွေ့ကြရမည် ဖြစ်ပါသည်။ ပထမဦးဆုံး ထူးခြားချက်မှာ ပွင့်တော်မူသည့် ဘုရားလေးဆူကို ဦးထိပ်ထား၍ မုခ်ဦးလေးခုတည်ထားပြီး နယ်စွန်နယ်ဖျားတွင် ဖူးတွေ့ရခဲသည့် မြန်မာ့ အနုပညာရပ်များဖြစ်သော ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့ ပညာရပ်များဖြင့် မုခ်ဦးကို လှပခံ့ညားစွာ ခြယ်သမွမ်းမံ ပြုလုပ်ထားပါသည်။

စတုရဋ္ဌသုမင်္ဂလစေတီတော်ကြီး၏ အထက်ဌာပနာတိုက်ပိတ်ပွဲနှင့် ရွှေထီးတော်တင် အလှူမင်္ဂလာအခမ်းအနားကို ၁၉၉၁ခုနှစ် ဧပြီလ ၆ရက်နေ့တွင် အောင်မြင်စွာ ဆင်ယင်ကျင်းပပြီးစီးခဲ့သည်။

အဆိုပါမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ပခုက္ကူမြို့ မန္တလေးတိုက်ဆရာတော် ဘဒ္ဒန္တသာသန၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘိတနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော်ကြီးများ၊ ထိုင်းနိုင်ငံမှ ဆရာတော်ကြီးများ ကြွရောက်ခဲ့ကြပါသည်။

ကျွန်တော်သည် ယခင်က ဤလွယ်မွေ တောင်ပေါ်ဒေသသို့ အကြိမ်ပေါင်းများစွာ ရောက်ခဲ့ပါ၏။ ဤလွယ်မွေဒေသ၏ ထူးခြားဖြစ်စဉ်သတင်းများ၊ ဆောင်းပါးများကို သတင်းစာတွင် ရေးသားတင်ပြခဲ့ဖူးပါ၏။ ယခုမှသာ လွယ်မွေတောင်ပေါ်ဒေသသို့ ထပ်မံရောက်ရှိခဲ့ခြင်းဖြစ်ပါ၏။

စတုရဋ္ဌသုမင်္ဂလ လွယ်မွေစေတီတော်၏ ဉာဏ်တော် အမြင့်မှာ ၄၅ပေရှိပြီး စေတီတော်လုံးပတ်မှာ ၂၉ပေပတ်လည် ရှိပါ၏။ ထို့အပြင် စေတီတော်အား ရွှေတိဂုံစေတီတော်၏ အချိုးကို ရယူထားသည့်အပြင် ဒေသအခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဉာဏ်တော်ကို သတ်မှတ်ကာ တည်ထားခြင်း ဖြစ်ပါ၏။

စတုရဋ္ဌသုမင်္ဂလလွယ်မွေစေတီတော် တည်ထားကိုးကွယ်ခြင်းဖြင့် ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံအပါအဝင် လေးနိုင်ငံမှ ပြည်သူများ ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြမည်ဖြစ်ပြီး ဘေးဘယာဝေးကွာကြမည့်အပြင် ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ပြန့်ပွားပါစေကြောင်း ဆုမွန်ကောင်း တောင်းခဲ့ပါကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၄-၅-၂၀၀၆ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ ဆက်သွယ်ဆင့်ပွား အိပ်မက်တံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say it in English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
၁၁:၅၀ ၅။ ဖွံ့ဖြိုးစည်ပင် ကာလီစံပြ ကျေးရွာတစ်ခွင်
၁၂:၀၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"နှင်းဆီစီးချင်း"** ဒွေး၊ သူထူးစံ၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင် [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
၁၃:၅၀ ၇။ တေးဂီတအစီအစဉ်
၁၄:၀၅ ၈။ အကပြိုင်ပွဲ
၁၄:၁၀ ၉။ **"စည်းကမ်းလိုက်နာ ဘေးကင်းမှာ"** ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့် [ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး(ဝ/သရန်ကုန်)]
၁၄:၂၀ ၁၀။ အတီးပြိုင်ပွဲ
၁၄:၃၀ ၁၁။ ကျန်းမာခြင်းဆိုင်ရာ အမှုအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲ (ဆုချီးမြှင့်ပွဲအခမ်းအနား)
၁၄:၄၅ ၁၂။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၃၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ Discovery
၁၈:၄၅ ၁၁။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၈:၅၅ ၁၂။ တေးဂီတအစီအစဉ်
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကောင်းခြင်းအိပ်မက်"** (အပိုင်း-၁၄)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း-၄၄)
၁၈။ နောက်တစ်နေ့အစီအစဉ်

ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ တိုးချဲ့ဖွင့်လှစ်သောအခွန်လွတ်ဈေးများ စစ်ဆေး

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၌ ထပ်မံတိုးချဲ့ဖွင့်လှစ်ထားသော ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများအတွင်း ရောင်းဝယ်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ထပ်မံတိုးချဲ့ ဖွင့်လှစ်ထားရှိသော ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများဖြစ်သည့် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းနှင့် မန္တလေးလမ်းထောင့်ရှိ လှိုင်သာယာ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရွှေပြည်သာမြို့နယ် သီရိမင်္ဂလာမြို့ပတ်လမ်းရှိ ရွှေပြည်သာအခွန်လွတ်ဈေးသို့ လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရာဇဓိရာဇ် လမ်းရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း) အခွန်လွတ်ဈေး သို့ လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းမကြီးရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ ဈေးများအတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ် တပ်ရင်းများ၊ ဝန်ကြီးဌာနဆိုင်ရာများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ကိုယ်တိုင်ထုတ်လုပ်သူများ၏ ဟင်းသီးဟင်းရွက်၊ သား၊ ငါး၊ ဆန်၊ ဆီ၊ ကြက်ဥ၊ ကုန်ခြောက်နှင့် လူသုံးကုန်ပစ္စည်းများ တည်ခင်းရောင်းချနေမှုနှင့် ဝယ်ယူသူပြည်သူများ စည်ကားမှုရှိနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရောင်းဝယ်သူ ပြည်သူများ စိတ်ချမ်းမြေ့မှုရှိစေရန်နှင့် ဈေးအတွင်းလျှောက်လမ်းများ ကောင်းမွန်စေရန်ဆောင်ရွက်ကြရေး မှာကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယမြို့တော်ဝန်သည် လမ်းမတော်မြို့နယ် ကမ်းနားလမ်းရှိ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းသို့ သွားရောက်၍ ကုန်စည်ဒိုင်အတွင်း ပုဂ္ဂလိကဆန်ကုန်သည်များ ဆန်ရောင်းဝယ်ဖောက်ကားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဆန်စပါးကုန်သည်များအသင်း အစည်းအဝေးခန်းမ၌ အသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဘီးလင်းမြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ခြံစည်းရိုးကြက်ဆူပင် တပျော်တပါးပျိုးထောင်စိုက်ပျိုး

နေပြည်တော် မေ ၁၃

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၇ ရက် မွန်းလွဲပိုင်းက ဘီးလင်းမြို့နယ် ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရှေးဦးစွာ ဘီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်က မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ် မန်နေဂျာ ဦးစိန်းဝင်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုး နည်းစနစ်ဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၏ ခြံစည်းရိုးကြက်ဆူပင် တပျော်တပါး ပျိုးထောင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဘီးလင်းမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် ၉၁၂ ဒသမ ၄၀ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

စုပေါင်းရဟန်းခံရှင်ပြု

ထို့မှတစ်ဆင့် တိုင်းမှူးသည် ဘီးလင်းမြို့နယ် ကုသိနာရုံ တောင်ခြေတပ်ဦးကျောင်း၌ တပ်နယ်မြေခံ တပ်ရင်းမိသားစု ဆဋ္ဌမအကြိမ် စုပေါင်းရဟန်းခံ ရှင်ပြုအလှူမင်္ဂလာ ရေစက် ချပွဲသို့ တက်ရောက်၍ ဧည့်ပရိသတ်များနှင့်အတူ ဘီးလင်း မြို့နယ် ဘန့်ဘွေးကုန်းကျောင်းဆရာတော် ဘဒ္ဒန္တ အာစိန္တ ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရား များ နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဘန့်ဘွေးကုန်းကျောင်းဆရာတော် ဘဒ္ဒန္တ အာစိန္တက အနုမောဒနာတရား ဟောကြားတော်မူပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော် ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြ သည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ဘန့်ဘွေး ကုန်းကျောင်း ဆရာတော်ဘဒ္ဒန္တ အာစိန္တ ထံမှ ရေစက်ချ တရားနာယူကာ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှ ပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ဘီးလင်းမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

စံချိန်စံညွှန်းမီ ကွန်ကရစ်ကတ္တရာများထုတ်လုပ် တာဝန်ရှိသူများက စဉ်ဆက်မပြတ် ကြပ်မတ်ကွပ်ကဲ

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့တော်အတွင်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းမကြီးကို လမ်း ၃၀ နှင့် ရွှေဘုံသာလမ်းအကြား၌ စက်ယန္တရားကြီးများဖြင့် ကွန်ကရစ် ကတ္တရာထပ်ပိုးခင်းကျင်းနေမှုကို လည်းကောင်း၊ အလုံမြို့နယ် အောက် ကြည့်မြင်တိုင်လမ်းနှင့် နှင်းဆီကုန်းလမ်းဆုံတွင် လမ်းသားကောင်းမွန်စေရန် ကွန်ကရစ်ကတ္တရာဖြင့် လမ်းပေါက်ဖာထေးနေမှုကို လည်းကောင်း၊ မရမ်းကုန်း မြို့နယ်နှင့် လှိုင်မြို့နယ်အကြား မင်းဓမ္မလမ်း သမိုင်းချောင်းတံတားအနီး၌ စက်ယန္တရားကြီးများဖြင့် ပါရမီလမ်းမှ ကျိုက်ဝိုင်းဘုရားလမ်းအထိ ကွန်ကရစ် ကတ္တရာထပ်ပိုးခင်းကျင်းခြင်းလုပ်ငန်းခွင်နှင့် ရပ်ကွက်လူမှုရေး အသင်းအဖွဲ့ဝင် များ စုပေါင်းကာ အထူးသန့်ရှင်းရေးဆောင်ရွက်နေမှုကို လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၆)ရပ်ကွက် ဝေဇယန္တာ လမ်းမကြီးကို ကွန်ကရစ်ကတ္တရာဖြင့် ပျက်စီးသည့်အပိုင်းများအား ဖာထေး ခင်းကျင်းနေမှုကို လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းဆုံ၌ သံသုမာလမ်းမကြီးကို လမ်းသားပြုပြင် ဖာထေးခင်းကျင်း နေမှုကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် မြို့တော်ဝန်က တာဝန်ရှိသူများအား စံချိန်စံညွှန်းပြည့်မီပြီး အရည်အသွေး ကောင်းမွန်သည့် ကွန်ကရစ်ကတ္တရာများ ထုတ်လုပ်သုံးစွဲရေး၊ တာဝန်ရှိသူများအဆင့်ဆင့်က စဉ်ဆက်မပြတ် ကြပ်မတ်ကွပ်ကဲကြည့်ရှု စစ်ဆေးရေး၊ ခင်းကျင်းလျက်ရှိသည့် လမ်းများတာရှည်ခိုင်ခံ့မှုရှိစေရန် စေတနာ ထား၍ ဆောင်ရွက်ရေး၊ စက်ယန္တရားကြီးများသုံးစွဲ၍ သပ်ရပ်ကောင်းမွန်မှုရှိရန် ဆောင်ရွက်ပြီး မိမိတာဝန်ယူလုပ်ဆောင်ရသည့် လုပ်ငန်းအပေါ် အာမခံနိုင်မှု ရှိစေရေး မှာကြားသည်။ **(သတင်းစဉ်)**

ဝိုင်အမ်ဘီအေရာပြည့်ပွဲတော် ဆောင်းပါးဆုရသူကြေညာ

ရန်ကုန် မေ ၁၃

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (Y.M.B.A)နှစ် (၁၀၀)ပြည့် ပွဲတော် အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲကို ကျင်းပခဲ့ပြီး ဆုရသူများစာရင်းကို စိစစ်ရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်ရာ မြောက်ဥက္ကလာပမြို့နေ ဒုတိယ ဗိုလ်မှူးကြီးသာဌေး(ငြိမ်း) (နီငြိမ်း၊ အညာတက္ကသိုလ်)ဒုတိယဆု၊ သုဝဏ္ဏ မြို့နေ ဒေါက်တာတင်ယု(တင်မောင်ယု) နှစ်သိမ့်ဆု၊ မြောက်ဥက္ကလာပမြို့နေ ဦးသိန်းလွင် (ကိုရင်တန်)နှစ်သိမ့်ဆု၊ ဘားအံမြို့နေ ဦးတင်ထွန်းအုန်း (တင် ထွန်းအုန်း) နှစ်သိမ့်ဆုအသီးသီးရရှိ ကြကြောင်း သိရသည်။

(၃၅၂)

၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာသူနာပြုနေ့အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်ပေးပို့သော အပြည်ပြည်ဆိုင်ရာသူနာပြုနေ့သဝဏ်လွှာကို ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့် ဖတ်ကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသူနာပြုအသင်းကြီးမှူး အပြည်ပြည်ဆိုင်ရာသူနာပြုနေ့အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံသူနာပြုအသင်းကကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

သဝဏ်လွှာဖတ်ကြား

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ညွှန့်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်ပေးပို့သော အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် Mo Asia co., Ltd. (DUMEX)က ငွေကျပ်နှစ်သိန်းနှင့် ဗဟိုအမျိုးသမီးဆေးရုံကြီးအထက်တန်း သူနာပြုဆရာမ ဒေါ်မြကြွယ်က ငွေကျပ် နှစ်သောင်းတို့ကို ပေးအပ်လှူဒါန်း ကြရာ မြန်မာနိုင်ငံ သူနာပြုအသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးမင်းသာရှိန်က လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ် ကာ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အခမ်းအနားကိုမေ၁၁ရက်က ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် ကျင်းပရာ ရန်ကုန် အရှေ့ပိုင်း သူနာပြုသင်တန်း ကျောင်းအုပ် ဒေါ်ဦးသန်းတင်က 'ပြုစုအင်အား ပြည့်ဝမှ၊ လုံခြုံစိတ်ချ ပြည်သူ့ ဘဝ'အကြောင်း ဟောပြောစဉ်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ ခုနှစ် မေလအတွက်

(၁၄-၅-၂၀၀၆)ရက်နေ့ နှင့် (၂၈-၅-၂၀၀၆) ရက်နေ့

စူဠဝါပါဠိကြေးပိဋကတ်တော်ပြုလုပ်ရန်ငွေလှူဒါန်း

ရန်ကုန် မေ ၁၃

ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့ အောင် မြတ်ဗုဒ္ဓ၏ ပိဋကတ် ကျမ်း စာတော်များကို ကြေးပြားတွင် ရေး ထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းလျက်ရှိရာ ဦးဆောင် ဆရာတော် ဘဒ္ဒန္တဉာဏ(သာသနာ့ဓ ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ) ထံသို့ လာရောက်လှူဒါန်းကြသော အလှူရှင်များမှာ မွန်ပြည်နယ် မော် လမြိုင်မြို့နယ် အမှတ်(၁)တောင်ပိုင်း နေ ဗိုလ်မှူးသောင်းဝင်း-ဗိုလ်ကြီး ဒေါ်စိုးစိုးတင့်၊ ဗိုလ်တထောင်မြို့နယ်၊ ၄၆လမ်း အမှတ် ၁၁၈ နေ မိခင် ဒေါ်ဝင်းဝင်းအေး၊ သမီး မသစ်လွင်ဦး၊ သား မောင်ကျော်စိုးလွင် မိသားစု၊ မိဘနှစ်ပါး ဦးထွန်းစိန်-ဒေါ်ရွှေရည် ဝင်းတို့ကို အမှူးထား၍ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် ၁၉ နေ သား မောင်ရဲဝင်းလတ်၊ သမီး မနှင်းနန္ဒာ ထွန်း၊ စုနန္ဒာထွန်း၊ မယုသန္တာထွန်း မိသားစု၊ သဃ်န်းကျွန်းမြို့နယ် လေး ထောင့်ကန်ရပ်ကွက် ရိပ်သာလမ်း၊ အမှတ် ၁၀၂ နေ ဦးလှမိုးအောင်- ဒေါ်မွန်မွန်ငြိမ်း၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် ရိပ်သာ လမ်း အမှတ် ၁၀၂ နေ ဦးအောင်ဖေယျ (ဒုတိယ ညွှန်ကြားရေးမှူး၊ ရှေ့နေ ချုပ်ရုံး)၊ ဖခင် ဦးကြည်လွင် မိခင် ဒေါ်သန်းသန်းမြတို့ကို အမှူးထား၍ လှိုင်မြို့နယ် ပါရမီအိမ်ရာ (၁၆) ရပ်ကွက် အမှတ် ၂ အခန်း ၁၀၃နေ သမီး မနှင်းမြသူ၊ ကွယ်လွန်သူဖခင် ဦးရွှေကျော် မိခင် ဒေါ်စန်းရီတို့အား ရည်းစူး၍ စမ်းချောင်းမြို့နယ် ဇလွန် လမ်း အမှတ် ၆၀နေ သမီးဒေါ်သီသီ တို့က ကြေးပြားတစ်ချပ်စီ အသီးသီး လာရောက်လှူဒါန်းကြသည်။

လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ ဖြင့် မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်း ကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း- ၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရှိရသည်။

(က-ပ)

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် အင်း၀ (၁၀)လမ်းနေ ဒေါ်သောင်းတင် (၈၆)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် နှစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကဆုန်လပြည့်နေ့က ငါးသိုင်းချောင်းမြို့ ဘုရားကြီးကျောင်း ပရိယတ္တိစာသင်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စာသင်သံဃာ ၉၀ ကျော်တို့ သင်အံကြည့်ရှုသာသနာပြုတော်မူနိုင်ရန် အနောက်လေမိသားစုတို့က ငွေကျပ်ငါးသောင်းကျော်တန် ဓမ္မစေတီပိဋကတ်တော်များကို ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တပညာသာရ (အဂ္ဂမဟာပဏ္ဍိတ) နိုင်ငံတော် ဩဝါဒါစရိယ ဂဏာဓိပတိနှင့် ဘဒ္ဒန္တ ကုဒ္ဓိဉာဏာဘိဝံသ (နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်) စာသင်တိုက်တာဝန်ခံ ဆရာတော်များထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တွံတေးရေှးဟောင်းချမ်းသာအောင်စေတီတော် ထီးတော်တင်လှူပူဇော်

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်း တွံတေးမြို့နယ် ချောင်းဝိုင်းကြီးကျေးရွာ မြောက်ပိုင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းချမ်းသာအောင်စေတီတော်အား ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လနှင့် သာကေတမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အောင်စကြာမိုးကုတ်ကျောင်းဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိမလဗုဒ္ဓိတို့ ဦးစီး၍ ပြန်လည်ပြုပြင်တည်ထားကိုးကွယ်ခဲ့ရာ ယခုအခါ တည်ဆောက်ပြီးစီးပြီဖြစ်၍ ယနေ့နံနက်၇နာရီတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တင်လှူပူဇော်

ရှေးဦးစွာ ရွှေထီးတော်ဘုံအဆင့်ဆင့်ကို အလှူရှင်များနှင့် စေတီတော်ဂေါပက အဖွဲ့ဝင်များက အသီးသီး တင်လှူပူဇော်ကြပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆရာတော် သံဃာတော်များက တင်လှူပူဇော်ကြသည်။

ယင်းနောက် ရွှေထီးတော်တင်လှူပွဲ ရေစက်ချမင်္ဂလာ အခမ်းအနားကို ဝိဟာရကျောင်းတော်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသောဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ကြပြီး အောင်စကြာမိုးကုတ် ရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိက ဩဝါဒကထာ မြွက်ကြားချီးမြှင့်သည်။ ယင်းနောက် ဆရာတော် သံဃာတော်များထံ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် မြင်းခြံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိက သာဓုအနုမောဒနာတရား မြွက်ကြားတော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၉ မှ

ပွဲစဉ်(၂၄) မစ်ဒယ်ဝိတ်တန်း ၇၅ ကီလို အကြိုဗိုလ်လုပွဲစဉ်အဖြစ် စိန်သံမဏိ(အလင်းရောင်)နှင့် ဇာနည်ဆင်ရိုင်း(တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ တတိယအချီ၂မိနစ် ၃၁ စက္ကန့်၌ ဇာနည်ဆင်ရိုင်း (တောင်ကလေး)က အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဇာနည်ဆင်ရိုင်းက ဆင်ပေါက်ပမာ အလုံးအထည်ကြီးမားသည်။ စိန်သံမဏိက နာမည်နှင့်လိုက်အောင်မာကြောပြီး ကြွက်သားအပြိုင်းပြိုင်း ထနေသည်။ လွတ်ဟော့ဆိုသည်နှင့် စိန်သံမဏိလက်သီးရောခြေကန်ချက်ပါ ပေါင်းစပ်ပြီး ပွဲထွက်လာရာ မျက်တောင်မခတ်တမ်း ကြည့်ကြရသည်။

နဖူးကွဲ

ဇာနည်ဆင်ရိုင်း တစ်ချက်နှစ်ချက်သာ ပြန်ထိုးနိုင်သော်လည်း ခံနိုင်ရည်က ကောင်းလှသည်။ ဒုတိယအချီ၌ စိန်သံမဏိအပေါ်စီးမှ စီးစီးပိုင်ပိုင် ထိုးသတ်ရာ ချက်ကောင်းမိ၍ ဇာနည်ဆင်ရိုင်း တစ်ချက်ငိုင်ဆင်းသွားသည်။ ဇာနည်ဆင်ရိုင်း ငိုင်သွားစဉ် စိန်သံမဏိ ခေါင်းဖြင့်ပြေးတိုက်ရာနဖူးကွဲသွား၍ ဆရာဝန်ပြရသည်။ဆရာဝန်က ဆက်ထိုးခွင့်ပြုရာ အသဲမာသော ဇာနည်ဆင်ရိုင်း လက်သီးပြန်ခင်းသည်။ စိန်သံမဏိက ခေါင်းတိုက်ချက်ကို အားကိုးလွန်းနေရာဇာနည်ဆင်ရိုင်း သဘောပေါက်လာပြီး ခေါင်းအဝင်မှာ ညာဝိုက်လက်သီး ဗိုးကနဲထိုးသည်။

ပွတ်ကာသီကာ

စိန်သံမဏိက ခေါင်းနှင့်ဆောင့်ရင်း ပိုင်ပြီထင်သော်လည်း ဇာနည်ဆင်ရိုင်း၏ လက်သီးလှိုင်းက ပြင်းလှသဖြင့် ပွတ်ကာသီကာလေး ရှောင်လိုက်ရသည်။ စိန်သံမဏိ အနိုင်ဘက်ဦးတည်ပြီဟု ထင်နေစဉ် အခြေအနေက ရုတ်ခြည်း ပြောင်းသွားသည်။ ဇာနည်ဆင်ရိုင်းက တန်ပြန်ခေါင်းရိုက်ရာ စိန်သံမဏိ ပခုံးရိုးကိုထိမိပြီး လက်အကြော ကပ်သွားသည်။ စိန်သံမဏိက ပုံမှန်အနေအထားပြန်ရအောင် လက်ကိုမြှောက်ပြီး ပြင်သော်လည်း မရခဲ့ချေ။ စိန်သံမဏိခေါင်းတိုက်ချက်မှလွဲ၍ လက်သီးကိုအသုံးပြု၍မရတော့သဖြင့် ဇာနည်ဆင်ရိုင်း တရမန်းကြမ်း လိုက်ထိုးရာ စိန်သံမဏိ ကြမ်းပြင်နှင့်မိတ်ဆွေဖွဲ့လိုက်ရသည်။ စိန်သံမဏိ ပြန်ထနိုင်သော်လည်း ပခုံးရိုးအဆစ်ပြုတ်၍ ဆက်မထိုးနိုင်တော့ဘဲ အရှုံးပေးလိုက်ရသည်။

ယနေ့ပွဲ

မေ၁၄ရက် **(ယနေ့)** မွန်းလွဲ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ ကိုယ်အလေးချိန်အတန်းအလိုက် အကြိုဗိုလ်လုပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ ဖယ်သာဝိတ်တန်း ၅၇ ကီလို၌ ကျော်ဆန်း(KLN)နှင့် မိုက်ခဲ(ကျွဲမင်း)၊ ဒေါနပန်း(ကျွဲမင်း)နှင့် ဘိလပ်မြေမောင်မောင်(ဘိလပ်မြေစက်ရုံ)တို့ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

ယှဉ်ပြိုင်မည်

လိုက်ဝိတ်တန်းကီလို၆၀၌ စောလူမင်း (တောင်ကလေး)နှင့် စောသဲမျိုး(KLN)၊ ဟိန်းညီညီ (အလင်းရောင်)နှင့်ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)တို့ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ လိုက်ဝယ်လ်တာဝိတ်တန်း၆၃ဒသမ၅ကီလို၌ နဂါးလေး (မြွေဟောက်မင်း)နှင့် စောဝီလျံသိန်း(မရမ်းကုန်း)၊ ကြယ်လင်းအောင်(တောင်ကလေး)နှင့် စောဖွဲလေး(KLN)တို့ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ဝယ်လ်တာဝိတ်တန်း၆၇ကီလို၌ ရန်ကြီးအောင် (အလင်းရောင်)နှင့် ထွန်းထွန်း(ဒေါနခြေလှမ်းသစ်)၊ သူရရဲအောင်(မြန်မာပြည်သား)နှင့် တာတိုးဝါး (ဘိလပ်မြေစက်ရုံ)တို့ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်များ ဝင်ကြေးအဖြစ် ရိုးရိုးတန်း ကျပ်၂၅၀၀၊ အထူးတန်းကျပ်၃၅၀၀သတ်မှတ်ထား သည်။ ပြိုင်ပွဲအောင်မြင်ဖြစ်မြောက်ရေးအတွက် Myanmar Towards Co., Ltd. က အဓိကပံ့ပိုးကူညီဆောင်ရွက်ပေးသည်။ ယနေ့ယှဉ်ပြိုင်မည့် အကြိုဗိုလ်လုပွဲစဉ်များသည် ရွှေခါးပတ်ချန်ပီယံများပါဝင်၍ ပွဲကောင်းများဖြစ်ကြောင်း သတင်းစကား ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လိုက်ဖလိုင်းဝိတ်တန်း ၄၈ ကီလိုတန်းတွင် မိုးသီး (မြန်မာပြည်သား)၏ ဘယ်လက်သီးက စောသဲဝေ (တွံတေး)၏ မျက်နှာကို ဤသို့ထိမိခဲ့သည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တံခွန်စိုက်အမျိုးသား၊ အမျိုးသမီးသက်တန်းအလိုက် ရေကူးပြိုင်ပွဲ မေ ၂၈ရက်နှင့် ၂၉ရက်၌ ကျင်းပမည်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌတံခွန်စိုက်အမျိုးသား၊အမျိုးသမီး သက်တန်းအလိုက် ရေကူးပြိုင်ပွဲကို မေ၂၈ရက်နှင့်၂၉ရက် မွန်းလွဲ ၂နာရီတွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပသွားမည်ဖြစ်သည်။

ကျင်းပမည်

အဆိုပါ သက်တန်းအလိုက် ရေကူးပြိုင်ပွဲတွင် အသက်၁၇နှစ် အထက်တန်း၊ အသက် ၁၅၊ ၁၆၊ ၁၇ နှစ်တန်း၊ အသက် ၁၃၊ ၁၄နှစ် တန်း၊ အသက် ၁၁၊ ၁၂နှစ်တန်း၊ အသက် ၉၊ ၁၀ နှစ်တန်း၊ အသက် ၈နှစ်အောက်တန်း အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများ ထည့်သွင်း ကျင်းပသွားမည် ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည် အသက် ၁၇နှစ် အထက်တန်း ပြိုင်ပွဲများတွင် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ကျန်အတန်းများတွင် အပြည်ပြည်ဆိုင်ရာ သက်တန်းအလိုက် ရေကူးပြိုင်ပွဲများ၌ သတ်မှတ်ထားသော စည်းကမ်းများနှင့် အညီ ကျင်းပသွားမည် ဖြစ်သည်။ ၅-၈-၁၉၉၃ခုနှစ် မွေးဖွားသူသည် ယခုနှစ်ပြိုင်ပွဲတွင် အသက်၁၁၊၁၂နှစ်သက်တန်းတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်ပြီး ကျန်သက်တန်းများတွင်လည်း ထိုကဲ့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ၁၇နှစ်အထက်ပြိုင်ပွဲ၌ မီတာ ၅၀၊ ၁၀၀၊ ၂၀၀၊ ၄၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀၊ ၂၀၀ ပက်လက်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၂၀၀၊ ၄၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ အသက် ၁၅၊ ၁၆၊ ၁၇နှစ်နှင့် ၁၃၊ ၁၄ နှစ်အတန်းတွင် မီတာ ၅၀၊ ၁၀၀၊ ၂၀၀၊ ၄၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀၊ ၁၀၀၊ ၂၀၀ ပက်လက်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၂၀၀၊ ၄၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ အသက် ၁၁၊ ၁၂ နှစ်တန်းတွင် မီတာ ၅၀၊ ၁၀၀၊ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ လိပ်ပြာ၊ မီတာ ၂၀၀၊ ၄၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ အသက် ၉၊ ၁၀နှစ်တန်းတွင် မီတာ ၅၀၊ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၂၀၀ တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ၊ အသက် ၈နှစ်အောက်အတန်းတွင် မီတာ ၂၅၊ ၅၀ အလွတ်ကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲနှင့် ရင်ပေါင်တန်းကူးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

ပါဝင်ယှဉ်ပြိုင်လိုသူများသည် မေ ၂၀ရက် နောက်ဆုံးထား၍ အမျိုးသားရေကူးကန် ဦးဝိစာရရှိ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ရုံးတွင် ဦးသန်းကြိုင်၊ ဦးမြင့်ဦးတို့ထံ ဖုန်း-၃၈၅၉၂၇၊ ၃၈၅-၉၂၈၊ ၅၅၇၄၃၂တို့၌ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်သည်။ ပြိုင်ပွဲနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး ဖုန်း-၀၉-၅၁၃၄၃၁၀ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

အင်္ဂလိပ်အက်ဖ်အေဖလား လီဗာပူးအသင်းပယ်နယ်တီဖြင့်ဆွတ်ခူး

ရန်ကုန် မေ ၁၃

အင်္ဂလိပ်အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ယနေ့မြန်မာစံတော်ချိန် ညရနာရီခွဲက မီလီနီယမ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ လီဗာပူးအသင်းက ဝက်စ်ဟမ်းအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ပထမချေပဂိုး

ဝက်စ်ဟမ်းအသင်းအတွက် ပထမဂိုးကို လီဗာပူးနောက်တန်းလူ ကာရေဂါက ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ ရရှိသွားခြင်းဖြစ်သည်။ ဝက်စ်ဟမ်းက ဦးဆောင်ဂိုးရရှိပြီးနောက် ဆက်လက်တိုက်စစ်ဆင်ကစားရာ ၂၈မိနစ်တွင် အက်ရှ်တန်က ဒုတိယဂိုးသွင်းယူခဲ့သည်။ လီဗာပူးအသင်းအတွက် ပထမချေပဂိုးကို ဆစ်စီက ၃၂မိနစ်တွင် သွင်းယူပြီး ဒုတိယချေပဂိုးကို စတီဗင်ဂျရတ်က ၅၄မိနစ်တွင် သွင်းယူခဲ့သည်။

ချေပဂိုး

ဝက်စ်ဟမ်း အသင်းအတွက် တတိယဂိုးကို ၆၄မိနစ်တွင် ပေါလ်ဒစ်ကော့ဗ်က သွင်းယူခဲ့သော်လည်း လီဗာပူးအတွက် ချေပဂိုးကို စတီဗင်ဂျရတ်က ပွဲချိန် မိနစ်၉၀၌ သွင်းယူနိုင်သဖြင့် အချိန်ပိုသို့ ခရီးဆက်ခဲ့ရသည်။

ပယ်နယ်တီကန်

အချိန်ပို မိနစ်၃၀ဆက်လက်ယှဉ် ပြိုင်ကစားရာတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်သဖြင့် ပယ်နယ်တီငါးလုံးစီကန်သွင်းပြီး အဆုံးအဖြတ်ယူ ခဲ့ရသည်။ ပယ်နယ်တီကန်သွင်းရာတွင် လီဗာပူးအသင်းက သုံးဂိုး ဝင်အောင်သွင်းနိုင်ပြီး ဝက်စ်ဟမ်းအသင်းက တစ်ဂိုးသာ ဝင်အောင်သွင်းနိုင်သဖြင့် လီဗာပူးအသင်းက စုစုပေါင်း ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားခြင်းဖြစ်သည်။

ပယ်နယ်တီကန်သွင်းရာတွင် လီဗာပူးအသင်းမှ ဟာမန်း၊ စတီဗင်ဂျရတ်နှင့် ရီဆေးတို့ ဂိုးဝင်အောင် သွင်းနိုင်ပြီး ဟစ်ပီယာ ဂိုးမဝင်ခဲ့ချေ။

ဝက်စ်ဟမ်းအသင်းမှ ရှရင်ဂမ် တစ်ဦးသာ ဂိုးဝင်အောင် သွင်းနိုင်ပြီး ဇာမိုရာ၊ ပေါလ်ဒစ်ကော့ဗ်နှင့် ဖာဒီနန်တို့ ဂိုးမဝင်ခဲ့ချေ။

လီဗာပူးအသင်းသည် အက်ဖ်အေဖလား ဆွတ်ခူးနိုင်ခြင်းကြောင့် ယခု ဘောလုံးရာသီ၌ ချန်ပီယံဆုဖလား တစ်ခုရရှိသည့် မှတ်တမ်းဝင်နိုင်ခဲ့ပြီဖြစ်သည်။

(သတင်းမှတ်တမ်း-ကိုထွေး)

ထစ်ချုန်းရွာနိုင်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာ့ဖလား ဆုဖလားကို ဆက်လက်ထိန်းသိမ်းမည့် လက်ရှိချန်ပီယံဘရာဇီးအသင်း၏ ပြင်ဆင်မှုအနေအထား

စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၁၃

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးကို ဇွန်၉ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘောလုံးအသင်း ၃၂သင်းတို့လည်း မိမိတို့၏ အသင်းများ အောင်မြင်မှုရရှိရန် အစွမ်းကုန်ပြင်ဆင်လျက်ရှိနေကြပေပြီ။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့်ဗိုလ်လုပွဲစဉ်များတွင် ပါဝင်ယှဉ်ပြိုင်မည့် ၃၂ သင်းအနက် ဘရာဇီးအသင်းရပ်တည်မှု အနေအထားကို မြန်မာ့အလင်းဘောလုံးပရိသတ်ကြီး သိရှိရန် Yangon Entertainment Ltd. မှရရှိသော သတင်းအချက်အလက်များကိုအခြေခံလျက် ကိုးကားဖော်ပြအပ်ပါသည်။

ဘရာဇီးဘောလုံးအသင်း။ (ဓာတ်ပုံ–အင်တာနက်)

ဘရာဇီး နည်းပြ

ဘရာဇီးအသင်း နည်းပြ ပရဲရား။ (ဓာတ်ပုံ–အင်တာနက်)

ဘရာဇီးအသင်း

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ အဆင့်သတ်မှတ်ချက်အရကမ္ဘာ့အဆင့်(၁)နေရာတွင် ရှိနေသော ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ၁၉၃၀ပြည့်နှစ်မှ စတင်ဝင်ရောက်ကစားခဲ့သည့်အသင်းဖြစ်သည်။

ဘရာဇီးတို့ ၁၉၃၀နှင့်၁၉၃၄ကမ္ဘာ့ဖလားပြိုင်ပွဲတွင်အုပ်စုအဆင့်မှပင်ထွက်ခဲ့ရသော်လည်း၁၉၃၈ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင်မှ တတိယရရှိခဲ့လေသည်။ ၁၉၅၄ခုနှစ်တွင် ကွာတားဖိုင်နယ်နှင့် ၁၉၅၈ ခုနှစ်တွင်မူ ကမ္ဘာ့ဖလားကို ဘရာဇီးတို့ စတင်ရရှိခဲ့သည်။

ထို့အပြင် ၁၉၆၂ခုနှစ်၌လည်း ကမ္ဘာ့ဖလားကို ဆက်တိုက်ရရှိခဲ့ပြန်ရာ နှစ်နှစ်ဆက်တိုက် ကမ္ဘာ့ဖလားရရှိသော ဘောလုံးအသင်းအဖြစ်မှတ်တမ်းတင်နိုင်ခဲ့သည်။ သို့သော် ၁၉၆၆ခုနှစ်ကမ္ဘာ့ဖလား၌ အုပ်စုမှပင်ထွက်ခဲ့ရသော်လည်း၁၉၇၀ပြည့်နှစ်ကမ္ဘာ့ဖလားတွင်မူ ချန်ပီယံဖြစ်ခဲ့ပြန်လေသည်။

၁၉၇၄ခုနှစ်၌ ဘရာဇီးတို့ ချန်ပီယံဆုကို မကာကွယ်နိုင်ဘဲ စတုတ္ထနေရာနှင့်ပင်ကျေနပ်ခဲ့ရပြီး ၁၉၇၈ခုနှစ် ကမ္ဘာ့ဖလား၌ တတိယနေရာနှင့် နှစ်သိမ့်ခဲ့ရပြန်သည်။ ၁၉၈၂ခုနှစ် ကမ္ဘာ့ဖလားတွင်ကား ဒုတိယအဆင့်အုပ်စုမှပင် ထွက်ခဲ့ရပြန်သော်လည်း ၁၉၈၆ ခုနှစ်တွင် ဘရာဇီးတို့ ကွာတားဖိုင်နယ်အထိတက်ခဲ့လေသည်။ ၁၉၉၀ ပြည့်နှစ်ကမ္ဘာ့ဖလားတွင် အုပ်စုဒုတိယအဆင့်မှ ထွက်ခဲ့ရပြီး ၁၉၉၄ခုနှစ် ကမ္ဘာ့ဖလား၌မူ ဘရာဇီးတို့ ဗိုလ်စွဲခဲ့ပြန်သည်။ ၁၉၉၈ခုနှစ်တွင်ဒုတိယရရှိခဲ့ပြီး၂၀၀၂ ခုနှစ်တွင် ဘရာဇီးတို့ ချန်ပီယံဖြစ်ခဲ့ရာ လက်ရှိအချိန်၌ ကမ္ဘာ့ဖလားကို ငါးကြိမ်တိုင်တိုင် ရရှိခဲ့သောအသင်းမှာ ဘရာဇီးအသင်းသာ ရှိနေသေးသည်။

သမိုင်းတွင်သည့်အနိုင်အရှုံး

ဘရာဇီးအသင်း၏ပထမဆုံးသော နိုင်ငံတကာဘောလုံးပွဲစဉ်အဖြစ် ၁၉၁၄ ခုနှစ်ဩဂုတ်၂၀ရက်က အာဂျင်တီးနားနိုင်ငံ ဗြူနိုအေရိစ်မြို့၌ အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး–ဂိုးမရှိဖြင့် အရှုံးကြီးရှုံးကာ နိုင်ငံတကာဘောလုံးပွဲစဉ်များကို စတင်ခဲ့ရသည်။

ထို့အပြင် အဆိုးရွားဆုံး ဘောလုံးပွဲစဉ်မှာလည်း ၁၉၄၀ ပြည့်နှစ်က အာဂျင်တီးနားနိုင်ငံ ဗြူနိုအေရိစ်မြို့၌ အာဂျင်တီးနားအသင်းနှင့် ကစားသည့်ပွဲဖြစ်ပြီး ခြောက်ဂိုး–တစ်ဂိုးဖြင့် ဘရာဇီးတို့ မရှုမလှ ရှုံးခဲ့သည့် ပွဲဖြစ်သည်။

သို့သော် အကြီးမားဆုံး အနိုင်ရရှိသည့်ပွဲမှာ ၁၉၅၇ခုနှစ်က ပီရူးနိုင်ငံ လီမာမြို့တွင် မတ်၂၃ရက်က ကစားခဲ့သည့် ကိုလံဘီယာနှင့်ပွဲဖြစ်ပြီး ဘရာဇီးတို့ ကိုးဂိုးပြတ် သွင်းယူနိုင်ခဲ့သည်။

ထို့အပြင် ကိုပါ အမေရိကဖလားကို ၁၉၁၉၊ ၁၉၂၂၊ ၁၉၄၉၊ ၁၉၈၉၊ ၁၉၉၉နှင့် ၂၀၀၄ ခုနှစ်များက ဆွတ်ခူးနိုင်ခဲ့သည့်အသင်းဖြစ်ရာ ကမ္ဘာ့ပေါ်တွင် အောင်မြင်မှု၌ မည်သည့်အသင်းနှင့်မျှ နှိုင်းယှဉ်၍ မရသည့်အသင်းလည်းဖြစ်နေသည်။ တစ်ဖန် ၁၉၃၀ပြည့်နှစ်ကတည်းက ယခုအချိန်အထိကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တောက်လျှောက်ပါဝင်ကစားခွင့်ရသည့် တစ်ခုတည်းသော အသင်း တစ်သင်းလည်းဖြစ်သည်။

နည်းပြ

ကမ္ဘာကျော် ဘရာဇီးအသင်း နည်းပြမှာ ကားလို့စ်အယ်ဘာတို ပါရဲရားဖြစ်ပြီး ယခုနှစ်ကမ္ဘာ့ဖလား ခြေစစ်ပွဲများ၌နှစ်ပွဲသာရှုံးပြီးတောင်အမေရိကဇုန်၌ အုပ်စုဒုတိယဖြင့် ခြေစစ်ပွဲအောင်ရန် ပံ့ပိုးပေးခဲ့သူဖြစ်သည်။ ဘောလုံးပါရမီ ပြည့်ဝသူများ၊ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားများနှင့် ပြည့်နေသော ဘရာဇီးအသင်းကို နည်းပြပါရဲရား မည်သို့ကိုင်တွယ် ပြီး ကစားမည်ကို ကမ္ဘာ့ဖလားပွဲ၌ တွေ့မြင်ရတော့မည်ဖြစ်သည်။

၂၀၀၆ ကမ္ဘာ့ဖလားနှင့် ပတ်သက်၍ နည်းပြပါရဲရားက "အခုနှစ်ကမ္ဘာ့ဖလားရဖို့အတွက် ဖြတ်သန်းရမယ့် ခရီးက ကြမ်းတမ်းပါတယ်။ ဒါပေမယ့် ဘရာဇီးအသင်းဟာကမ္ဘာ့ဖလားချန်ပီယံအဖြစ် ဆက်လက် ခံယူဖို့ဆိုတာ အိပ်မက်မဟုတ်ဘဲ လက်တစ်ကမ်းမှာ ရှိနေပါတယ်"ဟု ပြောကြားနေသည်။

စောင့်ကြည့်ရမည့်ကစားသမား

၂၀၀၅ ခုနှစ်က ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ရရှိထားသူ ရော်နယ်ဒင်ဟိုသည် စပိန်ဘာစီလိုနာကလပ်တွင် ခြေစွမ်းပြနေသူဖြစ်သည်။ ဘရာဇီးအတွက် အဓိကအားကိုးအားထားပြုရမည့် ဘောလုံးသမားဖြစ်သည်။ ပြိုင်ဘက်အသင်းများကို အန္တရာယ်အပေးနိုင်ဆုံးနှင့် ဘောလုံးရသအပေးစွမ်းနိုင်ဆုံးသော အားကစားသမားတစ်ဦး ဖြစ်သည်။

အထူးသဖြင့် ကွင်းလယ်ကစားကွက်နိုင်နိုင်နင်းနင်း ထိန်းချုပ်ထားနိုင်သူဖြစ်ပြီးတိုက်စစ်တွင်လည်းအကောင်းဆုံးလိုက်ပါ ဖြည့်ဆည်းပြီး ဂိုးများပါသွင်းယူပေးနိုင်သူတစ်ဦး ဖြစ်သည်။

၂၀၀၆ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘရာဇီးအသင်း၏ အဓိက ကစားသမား ရော်နယ်ဒင်ဟို၏ ကစားဟန်။ (ဓာတ်ပုံ–အင်တာနက်)

ရော်နယ်ဒင်ဟိုသည် ဘရာဇီးအသင်း၏ အဓိက မောင်းနှင်အားသဖွယ် ဖြစ်လာမည်ဖြစ်သည်။

အရေးပါသည့်ကစားသမားများ

ဘရာဇီး၏ နောက်တန်း ခံစစ်ကြောင်းတွင် တိုက်စစ်အထိပံ့ပိုးပေးနိုင်သည့် ကားလို့စ်နှင့်ကာဖူး၊ ကွင်းလယ်ကစားကွက်ကို စိုးမိုးမည့် ကာကာ၊ ဂိုးသွင်းစက်များဖြစ်သည့် ရော်နယ်ဒို၊ အက်ဒရီယာနို၊ ရော်ဘင်ဟိုတို့ကလည်း ဘရာဇီးအသင်း အမြင့်ဆုံးအောင်မြင်မှုရရှိရန် ကြိုးစားကစားတော့မည်ဖြစ်သည်။

ပွဲစဉ်များ

လက်ရှိချန်ပီယံ ဘရာဇီးအသင်းသည် ဇွန်၁၃ရက်၌ ခရိုအေးရှား၊ ဇွန်၁၈ရက်၌ ဩစတြေးလျနှင့် ဇွန်၂၂ရက်တွင် ဂျပန်အသင်းများနှင့် ကစားရမည်ဖြစ်သည်။ ဘရာဇီးခြေစွမ်းသည် ယခုနှစ် ကမ္ဘာ့ဖလားတွင် ဗိုလ်စွဲနိုင်မည်ဟု ရေပန်းစားလျက်ရှိရာ ချန်ပီယံသရဖူကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်းရှိမရှိ စောင့်ကြည့်အကဲခတ်ရတော့မည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့ဖလားပွဲအကြို နိုင်ငံတကာခြေစမ်းပွဲ ဘူဂေးရီးယားက ဂျပန်ကို နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရ

အိုဆာကာ မေ ၁၃

၂၀၀၆ကမ္ဘာ့ဖလားပွဲအကြိုခြေစမ်းပွဲအဖြစ်ဂျပန်နှင့်ဘူဂေးရီးယားအသင်းတို့ ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ နာဂီအားကစားကွင်းကြီး၌ မေ၁၀ရက်က ကစားခဲ့ရာ ဘူဂေးရီးယား အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘူဂေးရီးယားအတွက် အဖွင့်ဂိုးကို ပွဲအစ တစ်မိနစ်မှာပင် စတီလပ်မ်တိုဒိုရော့ဗ်က ဂျပန်နောက်ခံလူ ယူဂျီနာကာဇာဝါအား ကျော်ဖြတ်ပြီး ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ဂျပန်တို့ ချေပဂိုးရရှိရေး ကြိုးစားရာ ပွဲချိန်၁၆မိနစ်၌ ဂျပန်မှ ယူကီအာဘေး အပိုင်ကန်သွင်းမှုကို ဘူဂေးရီးယား ဂိုးသမားကာကွယ်နိုင်ခဲ့သည်။

ထို့အတူ ၂၄မိနစ်တွင် ဂျပန်မှ တာမာဒါ ကန်သွင်းမှုကိုလည်း ဘူဂေးရီးယား ဂိုးသမားကာကွယ်နိုင်ခဲ့ပြန်သည်။ ဂျပန်အတွက် ချေပဂိုးကို မိနစ် ၇၀တွင် အိုနိုက သွင်းယူပေးခဲ့သည်။ ဘူဂေးရီးယားအတွက် အနိုင်ဂိုးကို ထိခိုက်ဒဏ်ရာရမှုအတွက် ထပ်ဆောင်းပေးသည့် အချိန်အတွင်း ယာနာ့ဗ်က သွင်းယူခဲ့သဖြင့် ဘူဂေးရီးယားအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

"ကျွန်တော့် ကစားသမားတွေ ကစားပုံကောင်းပါတယ်။ အဖွင့်ဂိုး အစောဆုံးပေးခဲ့ရပြီး အနိုင်ဂိုးကို နောက်ဆုံးအချိန်မှာ ပေးခဲ့ရတာတော့ ကံအကြောင်းတရားပါပဲ၊ ဒါပေမယ့် ဒီပွဲရလဒ်ကို လက်ခံရမှာပါ"ဟု ဂျပန်နည်းပြဇစ်ကိုက ပြောကြားသွားသည်။ အခွင့်အရေးကောင်းများစွာ ရရှိခဲ့သော ဂျပန်အသင်းသည် ဂိုးသွင်း မသေချာမှုများကြောင့် ဘူဂေးရီးယားကို အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ ။

(အင်တာနက်)

ဘောလုံး ယှဉ်လု

၂၀၀၆ကမ္ဘာ့ဖလားပြိုင်ပွဲအကြို နိုင်ငံတကာ ခြေစမ်းပွဲအဖြစ်ဂျပန်နှင့် ဘူဂေးရီးယား အသင်းတို့ကစားသည့်ပွဲတွင် ဂျပန်မှ ယူဂျီနာကာဇာဝါ (ရှေ့)**နှင့် ဘူဂေးရီးယားမှ ဒိုမီတာတို့ ဘောလုံးယှဉ်လုစဉ်။** (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့ဖလားပွဲ အကြိုခြေစမ်း မက္ကဆီကိုက ကွန်ဂိုကို အနိုင်ရ

မက္ကဆီကိုစီးတီး မေ ၁၃

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းများ နိုင်ငံတကာခြေစမ်းပွဲများ ကစားလျက်ရှိရာ မေ ၁၂ရက်က မက္ကဆီကိုနိုင်ငံတွင်ကစားသည့်မက္ကဆီကိုနှင့် ကွန်ဂိုဒီမိုကရက်တစ်အသင်းတို့ ခြေစမ်းပွဲ၌ မက္ကဆီကိုအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မက္ကဆီကိုအသင်းအနေဖြင့် ကမ္ဘာ့ဖလားပွဲမတိုင်မီ အိမ်ကွင်း၌ နောက်ဆုံးခြေစမ်းပွဲဖြစ်ပြီး နောက်ထပ်ခြေစမ်းပွဲများ ပြုလုပ်တော့မည် မဟုတ်ချေ။ မက္ကဆီကို အသင်းအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူးဖရန်စစ္စကိုဖွန်စီကာက ပွဲအစ သုံးမိနစ်မှာပင် သွင်းယူပေးခဲ့သည်။

မက္ကဆီကိုအသင်းအတွက်ဒုတိယဂိုးကို ပွဲချိန် ၄၁ မိနစ်တွင် ဖရန်စစ္စကိုဖွန်စီကာကပင် သွင်းယူပေးခဲ့သည်။ မက္ကဆီကိုအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အမာခံ ဘောလုံးသမားများဖြင့် ကစားသွားခဲ့ပြီး ခြေစွမ်းပြကစားနိုင်ခဲ့သည်။

ချေပဂိုး

ကွန်ဂိုအသင်းအတွက် ချေပဂိုးကို အမ်ဘိုကာနီက ပွဲချိန် ၄၈မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မက္ကဆီကိုအသင်းနှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ပွဲရလဒ်မှာ ယခုထက်ကောင်းမွန်သင့်ကြောင်း မက္ကဆီကို နည်းပြက ပြောကြားခဲ့သည်။ ။

(အင်တာနက်)

၂၀၀၆ ကမ္ဘာ့ဖလားပွဲ အကြိုခြေစမ်းပွဲအဖြစ် မက္ကဆီကိုနှင့်ကွန်ဂို အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

သဲအင်းဂူအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၁၃

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဥတ္တရ(လားရှိုး)အရှင်သူမြတ်က မေ၂၁ရက်မှ ၂၈ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန်စခန်းဖွင့်၍ သမထ ဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ မေ၂၀ရက်(စနေနေ့)ညနေ၅နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊အရုဏ်ဆွမ်းများလှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

(၂၈)နှစ်ပြည့် မင်္ဂလာဆုတောင်း

ဖေဖေ **ဦးကိုကိုအောင်** နှင့် မေမေ **ဒေါ်နုနုသိန်း**တို့၏ မေလတွင်ကျရောက်သော (၂၈)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ပျော်ရွှင်စွာဖြင့် ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

မေမေ – ဒေါ်စိန်နု-ဒေါ်ချိုချိုမြင့်
ညီမ – စန္ဒာအောင်
ချစ်သားသမီးများ – မောင်သက်ဆွေ-ယမင်းကိုကို
မိုမိုကို၊ ဖြူဖြူကို။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်၊ အိုးဘိုရွာနေ
ဦးစိန်လှ-ဒေါ်သန်းမေတို့၏သား
ဒေါက်တာစိုးမင်းလင်း (B.V.Sc)
(MAY Veterinary Clinic)
နှင့်
ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ မီးရထားအရာရှိရိပ်သာနေ
ဦးခိုင်စိုး(ဒု-အထွေထွေမန်နေဂျာ/ကုန်စည်၊ မြန်မာ့မီးရထား)-
(ဒေါ်ခင်ခင်မြင့်)တို့၏တစ်ဦးတည်းသောသမီး
မသဲဝေလှိုင် B.Com.(Q), C.P.A Part (1)
D.A (L.C.C.I;UK)

တို့၏ ၆-၅-၂၀၀၆ရက်တွင် Shan Kan Restaurant၌ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးမြသိန်းနှင့် အသိသက်သေများ၊ ၁၃-၅-၂၀၀၆ရက်တွင် မဟာသန္တိသုခကျောင်းတော်ကြီး၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ အခါတော်ပေး သီဆိုပေးသော မဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် တီးခတ်ဖျော်ဖြေပေးသော စန္ဒရားဦးကွန်းဇော်၊ သတို့သမီးဝတ်စုံ မမဒ္ဓူ၊ မိတ်ကပ်ဆံပင် စိုးစိုး၊ ဘောက်ရာ(SHAYI)၊ မျိုးမျိုး(Specialty)၊ မေတ္တာဖြင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးသော ဟိန်းစိုး၊ ပန်းသာရပ်ရှင် ဗီဒီယိုရိုက်ကူးရေးမှ လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မသီသီအောင်၊ သတို့သားအရံ ကိုထက်ဝေဖြိုး၊ သတို့သမီးအရံ မသဥ္ဇာဇော်၊ မဟာသန္တိသုခမှ မန်နေဂျာနှင့်ဝန်ထမ်းများ SS Food Channel တွင်ကျင်းပသော မင်္ဂလာညစာစားပွဲအတွက် အစစအရာရာကူညီပေးသော ဒေါက်တာဇော်သက်ဖေ၊ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ရပ်ဝေးမှမင်္ဂလာလက်ဖွဲ့များပေးပို့ကြသော မိတ်သင်္ဂဟများ၊ မင်္ဂလာဧည့်ခံပွဲနှင့် မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့်တကွ အခြားကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဒေါက်တာစိုးမင်းလင်း-မသဲဝေလှိုင်။



သက်ခိုင်(ခေါ်)သက်ခိုင်လင်း ၁/မကတ(နိုင်)၀၆၁၉၀၄ သိစေရန်

၂၇-၄-၂၀၀၆ရက်တွင် သက်ခိုင်(ခေါ်)သက်ခိုင်လင်း အဖအမည် ဦးစိန်လင်း(ယခုနေရပ်လိပ်စာမသိ)သည် အလုပ်ကိစ္စတစ်ခုကို ဆောင်ရွက်ပေးမည်ဟုပြောဆိုလျက် ကျွန်ုပ်ထံမှ ငွေကျပ် ၁၂၀၀၀၀ (ကျပ်တစ်ဆယ့်နှစ်သိန်းတိတိ)ကို ကျွန်ုပ်၏အိမ်၌ လာရောက်ရယူသွားခဲ့ပြီး ယနေ့တိုင် တစ်စုံတစ်ရာဆောင်ရွက်ပေးခြင်း၊ လာရောက်ဆက်သွယ်ခြင်းမရှိတော့ပါ။ သို့ဖြစ်၍ ဤကြော်ငြာပါသည့်နေ့မှစပြီး ရက်သတ္တတစ်ပတ်အတွင်း ကျွန်ုပ်ထံလာရောက် ဖြေရှင်းရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်လိမ့်မည် ဖြစ်ပါကြောင်း။

ဦးဉာဏ်ရွှေ ၉/ပမန(နိုင်)၀၁၃၂၅၅
၁၂/၅၀၊ ရွှေချည်ရပ်၊ ၂လမ်း၊ ပျဉ်းမနားမြို့။

ပြည်နယ်၊တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ရောဝတီတိုင်း ဗိုလ်လုပွဲတက်

ရန်ကုန် မေ ၁၃

အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့်(၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၃နာရီခွဲကအောင်ဆန်းအားကစားပြိုင်ကွင်း၌ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ဧရာဝတီတိုင်းအသင်းမှ သန္တာမိုးက ရရှိသည်။ ဧရာဝတီတိုင်းအသင်းသည် ယမန်နှစ်ပြိုင်ပွဲ၌ ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ပြီး ဒုတိယဖြင့်သာကျေနပ်ခဲ့ရသည်။

ဗိုလ်လုပွဲ

မေ၁၆ရက် ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဆရာစံတောင်(စံပြ)ရပ်ကွက်၌ ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုး

ရန်ကုန် မေ ၁၃

ဗဟန်းမြို့နယ် ဆရာစံတောင်(စံပြ)ရပ်ကွက် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ယနေ့နံနက်၇နာရီက ဦးချစ်မောင်လမ်းနှင့်အနောက်မြင်းပြိုင်ကွင်းလမ်းဆုံ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်က မြို့နယ်နှင့်ရပ်ကွက်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များအား ခြံစည်းရိုးပျိုးပင်များကို ဝေငှပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်နှင့်ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများက အနောက်မြင်းပြိုင်ကွင်းတစ်လျှောက် ခြံစည်းရိုးကြက်ဆူပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြကြောင်းသိရသည်။ **(အပေါ်ပုံ) (က-ပ)**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီးဖြစ်သူ မနီလာဝင်း ၁၄/ဟသတ(နိုင်)၀၄၇၀၁၃ သည် မိဘများ၏စကားကိုမနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သမျှကိစ္စများသည် ကျွန်တော်၊ ကျွန်မတို့နှင့်လုံးဝပတ်သက်မှုမရှိကြောင်း ကြေညာအပ်ပါသည်။

ဦးစိုးမောင် ၁၄/ဟသတ(နိုင်)၂၂၅၂၆၂
ဒေါ်ညို ၁၄/ဟသတ(နိုင်)၂၂၅၂၅၉။

ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် ကြက်ခြေနီအသင်းနှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းတို့မှ ကမ္ဘာ့ကြက်ခြေနီနေ့ကိုဂုဏ်ပြုသောအားဖြင့် ရုံးခန်းဖွင့်ပွဲအခမ်းအနားကို မေ၈ရက်က ကဏန်းလုပ်ငန်းကြီးကြပ်မှုကော်မတီရုံး၌ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

တော်ဝင်နှင်းဆီ (Royal Rose) အမည်နှင့်စပ်လျဉ်း၍ သတိပေးကြေညာခြင်း

ဦးစိုးညွှန့်(တော်ဝင်နှင်းဆီ) ၁၂/ဗဟန(နိုင်)၀၂၅၆၉၁၊ ၂၂၁-၂၂၃၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ ညွှန်ကြားချက်အရ သတိပေး ကြေညာသည်မှာ-

ဦးစိုးညွှန့်သည် **"တော်ဝင်နှင်းဆီ" "Royal Rose"**အမည်ဖြင့် သစ်ပင်ပန်းမန်များ စိုက်ပျိုးထုတ်လုပ် ရောင်းချဖြန့်ချိခြင်းလုပ်ငန်းများကိုလည်းကောင်း၊ Landscape များ၊ Design များဆွဲခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်းကောင်း ၁၉၇၅ခုနှစ်မှစတင်ပြီး အသက်မွေးဝမ်းကျောင်းအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပြီး ယင်းလုပ်ငန်းများနှင့် အမည်သည် ဦးစိုးညွှန့်၏ မူပိုင်အမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား သစ်သီးဝလံပန်းမန်ပြိုင်ပွဲများတွင် ၁၀နှစ်ဆက်တိုက် တံခွန်စိုက်ဆုကို **"တော်ဝင်နှင်းဆီ"** အမည်ဖြင့် ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းကို စတင်တည်ထောင်ခဲ့သည့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအနက်မှ တစ်ဦးဖြစ်ခဲ့ပြီး ကိုးနှစ်တိုင်တာဝန်ယူခဲ့ပါသည်။

"တော်ဝင်နှင်းဆီ" "Royal Rose" အမည်ဖြင့် စားသောက်ဆိုင်ကိုလည်း ၁၉၈၀ပြည့်နှစ်မှစ၍ တည်ဆဲဥပဒေများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်ပြီး ဖွင့်လှစ်ခဲ့ပါသည်။

"တော်ဝင်နှင်းဆီ" "Royal Rose"အမည်ဖြင့် သစ်ပင်ပန်းမန်များ စိုက်ပျိုးထုတ်လုပ်ရောင်းချဖြန့်ချိရေးလုပ်ငန်း၊ Landscape များ၊ Designများဆွဲခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ စားသောက်ဆိုင် လုပ်ငန်းများကို အမှတ် ၂၂၁-၂၂၃၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၂၇၁၉၊ ၀၁-၅၄၂၇၂၀၊ ၀၉-၅၀-၁၃ ၆၂၃၊ e-mail; royalrose @ myanmar. com.mm တစ်နေရာတည်းတွင်သာ ဖွင့်လှစ်ထားရှိပြီး အခြားတွင်ဖွင့်လှစ်ထားခြင်း မရှိပါကြောင်း သိစေအပ်ပါသည်။

"တော်ဝင်နှင်းဆီ" "Royal Rose" အမည်တူဖြင့် အခြားဖွင့်လှစ်နေခြင်းသည် ဦးစိုးညွှန့်(တော်ဝင်နှင်းဆီ)နှင့် သက်ဆိုင်ပတ်သက်ခြင်းမရှိကြောင်းနှင့်ယင်းလုပ်ငန်းဆိုင်ရာ အမည်တူ တုပခြင်းမပြုရန် သတိပေးတားမြစ်အပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးစန်းဝင်း(LL.B)
ဥပဒေအကျိုးဆောင်
အမှတ် ၁၂၄၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

မေ၁၃ရက်က တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဦးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ရပ်ကွက်ပြည်သူများ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးတွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြစဉ်။ (က-ပ)

ပဲနွယ်ကုန်းမြို့ ရန်ကုန်-မန္တလေးကားလမ်းပေါ်၌ လွယ်အိတ်လွယ်၍စက်ဘီးစီးလာသူ ပေါက်ကွဲမှုဖြစ်၍သေဆုံး

နေပြည်တော် မေ ၁၃

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ခင်ကြီးကျေးရွာ တောင်ဘက် သုံးဖာလုံခန့်အကွာ ရန်ကုန်- မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၁၁၉/၅)အနီး၌ မေ၁၂ရက် မွန်းလွဲ၁၂နာရီ၃၅မိနစ်ခန့်က ပဲနွယ်ကုန်းမှ ကျောက်တံခါးဘက်သို့ စက်ဘီးစီးလာသူတစ်ဦး ပေါက်ကွဲမှုဖြစ်၍ အဆိုပါ စက်ဘီးစီးလာသူ သေဆုံးသွားသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်မှာ တောကျွဲအင်းကျေးရွာ ပြည်တော်သာရပ်ကွက်မှ ပလတ်စတစ်၊ ကော်ခွက်ကောက်၍ရောင်းချအသက်မွေးဝမ်းကျောင်းပြုသူ ငဇော်(ခ)ငဖား အသက်၂၂နှစ်(ဘ)ဦးမြင့်ရွှေသည် လွယ်အိတ်အစိမ်းတစ်လုံးကိုစလွယ်သိုင်း၍ စက်ဘီးစီးလာစဉ် ပေါက်ကွဲမှုဖြစ်ပြီး ငဇော်(ခ)ငဖားမှာ ခန္ဓာကိုယ်ခါးအထက်ကြေမွကာ သေဆုံးသွား၍ လွယ်အိတ်မှာကိုယ်ထည်ပိုင်းအစအနဖြစ်သွားပြီး လွယ်အိတ်ကြိုးသာကျန်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ သတင်းဆက်ရရှိရေးအတွက် တာဝန်ရှိသူများက စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(သတင်းစဉ်)

မွန်ပြည်နယ် မီးသတ်ဦးစီးဌာနကကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၅ ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ်မီးသတ်ဦးစီးဌာနတွင်ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ၂၀၀၅–၂၀၀၆ခုနှစ်တွင် ဗဟိုအဆင့်(ပထမ)စခန်းသာယာလှပရေးဆုရ မော်လမြိုင်မြို့နယ် မီးသတ်စခန်းအမှတ်(၁) အား ဂုဏ်ပြုဒိုင်းဆုကို ချီးမြှင့်ပေးအပ်ရာ မွန်ပြည်နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး(တာဝန်) ခရိုင်ဦးစီးအရာရှိ ဦးအောင်ဆွေဝင်း လက်ခံယူစဉ်။ (၁၆၈)

ဟိုပင်ဆေးရုံ ဆေးပဒေသာပင်လှူဒါန်း လှူဒါန်းရခြင်း ရှင်းလင်းပြောကြား

ဟိုပင် မေ ၅

ကချင်ပြည်နယ် ဟိုပင်မြို့နယ်ပြည်သူ့ဆေးရုံတွင် လိုအပ်သည့် ဆေးဝါးများ ဝယ်ယူနိုင်ရန်အတွက် အလှူရှင်များက ဆေးပဒေသာပင်အလှူငွေ လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၉ ရက် နံနက် ၇ နာရီက ဟိုပင်ပြည်သူ့ဆေးရုံ ဧည့်ခန်းမ၌ ကျင်းပသည်။

မှတ်တမ်းလွှာများပေးအပ်

ရှေးဦးစွာ အလှူရှင်များကိုယ်စား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဆန်းညွန့်ဦးက လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး ဆန်းညွန့်ဦးနှင့်ဇနီးမိသားစုက အလှူငွေကျပ်တစ်သိန်း အပါအဝင် အလှူငွေကျပ် ဆယ်သိန်းကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ဆေးရုံကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီလေးနှင့် ဒေါက်တာမျိုးမျိုးဝင်း တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်းများ

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ကြက်ဆူပင်များ ပျိုးထောင်မှုကို ဧပြီ ၃၀ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ် စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အထက်မင်းလှ၌ အလုပ်ရုံဆွေးနွေး

အထက်မင်းလှ မေ ၂

မကွေးတိုင်း သရက်ခရိုင် အထက်မင်းလှမြို့နယ် အရှေ့ညောင်ပင်သာကျေးရွာ၏ အလင်းသစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၅ ရက်က အလင်းသစ်စာကြည့်တိုက်ရှေ့မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးနှင့် ကျေးရွာစာကြည့်တိုက်တာဝန်ခံများ လုပ်ငန်းကျွမ်းကျင်ရေး ရှင်းလင်းဆွေးနွေးသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ တောသားကြီးလှနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေတို့နှင့် အလှူရှင်များက စာအုပ်မျိုးစုံ အုပ် ၅၀၀ ကျော်နှင့် ငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသောင်းတင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဘုတလင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ကြက်ဆူပင် ပျိုးထောင်ထားမှုကို ဧပြီ ၁၉ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိ ကြည့်ရှုစစ်ဆေးစဉ်။ (၂၅၄)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်မည့် ဗိုလ်တေဇလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းအတွက် လိုအပ်သော ကျောက်များစုဆောင်းမှု အခြေအနေကို ဧပြီ ၂၂ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်သန်းက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

သက်ကြီးအဘိုးအဘွားများ နွားထိုးကြီး၌ ပူဇော်

နွားထိုးကြီး ဧပြီ ၃၀

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော (၁၅)ကြိမ်မြောက် သက်ကြီး အဘိုးဘွားများ ပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီက နွားထိုးကြီးမြို့ အလည်ကျောင်းပရိယတ္တိစာသင်တိုက် သီရိအောင်လှိုင် ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ အတွင်းရေးမှူး ဦးထွန်းထွန်းလင်း၊အဖွဲ့ဝင်(၂) မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ဌေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကန်တော့ခံ အဘိုး ၂၈ဦးနှင့် အဘွား ၇၂ဦး တို့အား ထောက်ပံ့ငွေနှင့်ပစ္စည်း များလှူဒါန်းကြကြောင်း သိရသည်။ **(၂၁၃)**

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မီးသတ်ကျင့်ဝတ်ဖြေဆိုပွဲကို ဧရာဝတီတိုင်း မီးသတ်ဦးစီးဌာနတွင် ဧပြီ ၂၅ ရက်ကကျင်းပရာ တိုင်းမီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကြည်ဝင်းက တပ်ဖွဲ့ဝင်များဖြေဆိုမှုကို ကြီးကြပ်စဉ်။ (က–ပ)

အင်းတော် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းဖွင့်

အင်းတော် မေ ၇

ကသာခရိုင် အင်းတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်နှင့် ကျေးရွာအမှုဆောင်များစီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၁၂/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို မေ ၂ရက် နံနက် ၉ နာရီက အင်းတော်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အသင်းနာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အဖွဲ့ဝင်များ၊ ကသာခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမျိုးသန့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊မြို့နယ်အသင်းအတွင်းရေးမှူး ဦးချစ်ဆွေနှင့် အဖွဲ့ဝင်များ ရပ်ကွက်နှင့်ကျေးရွာဥက္ကဋ္ဌများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အသင်းနာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ကသာခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမျိုးသန့်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးချစ်ဆွေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားကြောင်းသိရသည်။ **(၁၃၃)**

မြန်မာ့အသံ နားဆင်ရန်

(၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်)
၁၅–၅–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ပြင်ဦးလွင်မြို့မှ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ)
၁၁း၄၀ သုတစုံစွာ သိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာ–သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၂း၂၅ အားကစားသတင်းပဒေသာ
၁၂း၃၅ ကျန်းမာရေးရာပြန်ကြားလွှာ
၁၂း၄၅ သီချင်းကြီးပဒေသာ
(၁)စိန်ခြယ်ခြူးသန်း(ပတ်ပျိုး) –ကမ္ဘောဇမေသင်းရီ
(၂)သောင်းရွှေလယ်(ယိုးဒယား) –ကိုသက်ဆွေ

ညနေပိုင်း

၁၆း၁၅ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) မယ်အေးတို့ရွာ
(၂) ဒွေးလေးတို့အညာ
(၃) ပျို့မောင်ဖုန်း
၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်) Computer Program and Construction
၁၉း၁၅ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း (အဆို၊ အက၊ အရေး၊ အတီးဆုရ ရန်ကုန်တိုင်းမှ မကေဇင်ချစ်စုနှင့် ချစ်စုဝေစတင်း ဆိုင်းအဖွဲ့)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) သတိနဲ့တူပြိုင်
(၂) မေတ္တာနုနုစေလိုသူ
(၃) ထားသခင်

တောင်ငူမြို့ မြို့မဈေးကြီးအတွင်း သန့်ရှင်းရေးဆောင်ရွက်မှုနှင့် သားငါးရောင်းချသောဈေးရုံများတွင် ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရန် ယင်လုံဆန်ခါများဖြင့် ဖုံးအုပ်ရောင်းချမှုရှိမရှိကို ဧပြီ ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင်၊ အင်ဂျင်နီယာမှူး ဦးဌေးညွန့်၊ဒုတိယဦးစီးမှူးနှင့် အဖွဲ့တို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြန်မာကျောင်းတိုက်ရှိ မြေကွက်သစ် ဝယ်ယူရန်အတွက် ရန်ကုန်တိုင်းဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)နေ ဗိုလ်မှူးကြီးတင်ရှိန် (ငြိမ်း)–ဒေါ်အေးမွန်ရှိန်၊ သမီးခိုင်ဇာတင်ရှိန်၊ သန္တာတင်ရှိန်နှင့် ဝတ်ရည်တင်ရှိန်တို့က လှူဒါန်းငွေ ကျပ်သုံးသိန်းကို အကျိုးတော်ဆောင် ဆရာတော်ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ) ရွှေမှောက်၌ တာဝန်ခံဒေါက်တာ ဒေါ်အေးအေးမာထံ ဧပြီ ၂၇ ရက်က ပေးအပ်စဉ်။ (က–ပ)

ညောင်ဦး ရွှေစည်းခုံဘုရားကြီး ရွှေသင်္ကန်းကပ်လှူရန် ငွေလှူ

ညောင်ဦး မေ ၆

ညောင်ဦးမြို့ သမိုင်းဝင်ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်၃၀(ဈ)နေ ဦးဝင်းဦး–ဒေါက်တာဒေါ်ချိုချို၊ သမီးဝင်းမြတ်မှူးခင်၊ ဆုမြတ်ဖူးခင် မိသားစု၊ ဦးချို–ဒေါ်စိန်ရင် မိဘနှစ်ပါးအားရည်စူး၍ ဒုတိယဗိုလ်မှူးကြီး အောင်မော်မော်နှင့် ညီအစ်ကိုမောင်နှမ တစ်စု၊ မြေးများ၊ ဘားအံမြို့ ကရင်ပြည်နယ်မှ အိုးတစ်လုံးစီအတွက် အလှူငွေ ကျပ်နှစ်သိန်းငါးထောင်စီကို မေ ၄ ရက်က ရွှေစည်းခုံဘုရားကြီး အလှူခံတန်ဆောင်း၌ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြီး၊ အတွင်းရေးမှူး ဦးစောမောင်နှင့် ဂေါပကအဖွဲ့က လက်ခံရယူပြီး **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



သမိုင်းဝင်ရှေးဟောင်း ရွှေစည်းခုံဘုရားကြီးကို ဂေါပကအဖွဲ့က ကြီးမှူး၍ ကျပ်သိန်း ၁၆၅၀ အကုန်အကျခံကာ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်ဖြစ်ရာ လှူဒါန်းလိုသူများ ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း–၀၆၀–၆၀၂၆၁နှင့် ရွှေစည်းခုံဘုရားကြီး ဂေါပကအဖွဲ့ ဖုန်း–၀၆၁–၆၀၈၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

စာကြည့်တိုက်နှစ်ပတ်လည်နေ့အခမ်းအနား မုဒုံမြို့၌ ကျင်းပ ဉာဏ်စမ်းပဟေဠိနှင့် စာစီစာကုံးပြိုင်ပွဲဆုရသူများ ဆုချီးမြှင့်

မုဒုံ ဧပြီ ၂၀

မုဒုံမြို့နယ် ကော့ပရံကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၁၀ ရက်က ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးစန္ဒာထွန်းက စာကြည့်တိုက် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးကျော်သန်းနှင့် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးဘန်ချိန်းတို့က အမှာစကားပြောကြားကြပြီး စာကြည့်တိုက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ကော့ပရံကျေးရွာ စာကြည့်တိုက်အတွက် အလှူရှင်မုဒုံမြို့ တင့်ရွှေစင် ရတနာရွှေဆိုင်မိသားစုက လှူဒါန်းသည့် ငွေကျပ်တစ်သိန်းနှင့် ရေဒီယိုကက်ဆက်တစ်လုံးကို အလှူရှင်ကိုယ်စား ဦးအောင်သက်တင်က လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံရယူကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

၂၀၀၆–၂၀၀၇ ခုနှစ် မြင်းခြံမြို့နယ် မိုးစပါးစီမံကိန်း တာဝန်ပေးအပ်ပွဲကို ဧပြီ ၂၈ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်က ရှေ့တန်းနယ်မြေ(၈)ခုမှ ရှေ့တန်းအဖွဲ့ခေါင်းဆောင်များအား မိုးစပါးစီမံကိန်း ၃၃၆၆၈ ဧက စိုက်ပျိုးရန် တာဝန်ပေးအပ်စဉ်။ (၄၀၂)

ချင်းပြည်နယ် ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ် တည်ထောင်ပြီးစီးမှုကို ဧပြီ ၂၇ ရက်က ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (ပြည်နယ် စည်ပင်)

တပ်ကုန်း၌ နွေရာသီ အဆို၊ အက၊ အတီးသင်တန်းဖွင့်

တပ်ကုန်း မေ ၈

မြန်မာ့ရိုးရာ ယဉ်ကျေးမှု နွေရာသီ အဆို၊ အက၊ အတီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၅ရက်က ပျဉ်းမနား ခရိုင် တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်း ရေဝတီဆောင်တွင် ကျင်းပသည်။

သင်တန်း ဖွင့်ပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝေက အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ကိုယ်စား အထက(၁) ကျောင်းအုပ်ဆရာမကြီးဒေါ်တင်အေးဆွေက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းကာ မြို့နယ် သဘင် စည်းရုံးရေးဥက္ကဋ္ဌ ဦးအုံးနွဲ့က သင်တန်းစည်းကမ်းများ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ သင်တန်းသားအက ၁၁၀၊ အဆို ၁၂၃ ဦး နှင့် အတီး ၁၀၀ စုစုပေါင်း ၃၃၃ ဦးတက်ရောက်ကြသည်။ (၂၆၆)

အမျိုးသမီးများ အခွင့်အရေးကာကွယ်မှုဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြော

တန့်ဆည် မေ ၈

ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲကို မေ ၅ ရက် ညနေ ၃ နာရီက တန့်ဆည်မြို့နယ် ချောင်းရိုးကျေးရွာတွဲဖက်အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုမြင့်က အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်အေးသန်းကြည်က လူမှုရေးနှင့်ယဉ်ကျေးမှု အကြောင်းကိုလည်းကောင်း၊ တန့်ဆည်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒုတိယမြို့နယ်တရားသူကြီး ဒေါ်စန်းစန်းဌေးက အမျိုးသမီးအခွင့်အရေး ကာကွယ်မှုဆိုင်ရာဥပဒေများကိုလည်းကောင်း၊ တန့်ဆည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာညွှန့်ညွှန့်ဝေက အေအိုင်ဒီအက်(စ်)ရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နှောကန်ကျေးရွာ လေးလက်မ စက်ရေတွင်း တူးဖော်ဆောင်ရွက်မှုကို မေ ၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွား ပေါ်များသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်–

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်–

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

14-5 (16).p65 1 1/13/32, 12:10 AM

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်ပညာရေးတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် အစီအစဉ်ဖြင့် အင်္ဂလိပ်စာဌာနမှကြီးမှူးပြီး အောက်ပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမည်	–	Diploma in English Language Teaching Methodology. Dip.(ELTM) အင်္ဂလိပ်စာသင်ကြားရေး နည်းပညာ ဒီပလိုမာသင်တန်း
လက်ခံမည့်ဦးရေ	–	(၃၀)ဦး
အနိမ့်ဆုံးပညာအရည်အချင်း	–	ဘွဲ့ရ (မည်သည့်ဘွဲ့မဆို)
သင်ကြားမည့်နေရာ	–	ရန်ကုန်ပညာရေးတက္ကသိုလ်
သင်ကြားပို့ချမည့်အချိန်	–	တနင်္လာနေ့မှ သောကြာနေ့ထိ၊ နေ့စဉ်နံနက်(၇း၀၀)နာရီမှ(၉း၀၀)နာရီထိ
သင်တန်းကာလ	–	(၁၀)လ
သင်တန်းကြေး	–	တစ်လ (၃၀၀၀)ကျပ်
ပေးအပ်မည့်လက်မှတ်	–	Dip.(ELTM) Diploma in English Language Teaching Methodology.
လျှောက်လွှာ စတင်လက်ခံမည့်ရက်	–	(၁၅-၅-၂၀၀၆) မှ (၂၂-၅-၂၀၀၆)အထိ
ဝင်ခွင့်စာမေးပွဲကျင်းပမည့်ရက်	–	(၂၇-၅-၂၀၀၆) နံနက်၉နာရီမှ ၁၂နာရီ
စာမေးပွဲကျင်းပမည့်နေရာ	–	ရန်ကုန်ပညာရေးတက္ကသိုလ်
လျှောက်လွှာ လက်ခံမည့်နေရာ	–	ရန်ကုန်ပညာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန
စုံစမ်းရန်	–	ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း-၅၃၄၂၇၃၊ ၅၂၇၅၂၇။

ကြော်ငြာစာ

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄၊ဦးပိုင်အမှတ် ၆၊၄၁လမ်းx၄၂လမ်းကြား၊ (၈၃)လမ်းမြေကွက်အား ဒေါ်ဝင်းဝင်း မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၀၅၃၂၃၉က အမှုတွဲအမှတ် ၁၂၆/၂၀၀၅-၂၀၀၆ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး၊အမည်ပြောင်း၊ ဂရန်ပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အများသိစေရန်ကြေညာချက်

လှိုင်မြို့နယ် (၁၆)ရပ်ကွက် အင်းစိန်လမ်းနှင့် အုတ်ကျင်းလမ်းထိပ် ပါရမီအိမ်ရာ တိုက်အမှတ်(၁)၊ အခန်း(၃၀၂)နေ ဖခင်ဖြစ်သူ ဦးတင်စိုး(ခ)လူရီကွန်း ၁၂/လမန(နိုင်)၁၃၈၂၂၄ သည် မန္တလေးမြို့တွင် ၁၆-၄-၂၀၀၆ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။

ကွယ်လွန်သူ ဖခင်ဖြစ်သူ ဦးတင်စိုး(ခ)လူရီကွန်း ကျန်ရစ်ခဲ့သော မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ကွယ်လွန်သူ၏သမီးဖြစ်သူ ကျွန်မ မယမင်းအေး ၁၂/လမန(နိုင်)၁၂၅၀၈၀ ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းမပြုလုပ်ရန် သတိပေး တားမြစ်အပ်ပါသည်။

မယမင်းအေး
၁၂/လမန(နိုင်)၁၂၅၀၈၀။

ငွေရတုမင်္ဂလာဆုမွန်

ချစ်ဖေဖေ **ဒုအရာခံဗိုလ်အုန်းရွှေ**နှင့် ချစ်မေမေ **ဒေါ်ချိုချိုလွင်**တို့၏ ၁၄-၅-၂၀၀၆ ရက်နေ့တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် နှောင်ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သား ချစ်သမီးတို့နှင့်အတူ သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားနိုင်ပါစေဟု ဆုမွန်တောင်း လိုက်ပါသည်။

ချစ်သားကြီး – အလုပ်သင်ဗိုလ်ရဲမင်းရွှေ(တပ်မတော်ဆေး၊မင်္ဂလာဒုံ)
ချစ်သမီးငယ် – မေမဥ္စူ(တတိယနှစ် I.C –ရတနာပုံတက္ကသိုလ်)။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ပ/၁၉ လက်ဝယ်ရှိ သူက (ကမ-၃)မိတ္တူလျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများသည် (၁၅)ရက် အတွင်း ကညန၊ပြည်နယ်ရုံး(လားရှိုး)သို့ ဆက်သွယ်နိုင်ပါကြောင်း။

ကညန၊ပြည်နယ်ရုံး(လားရှိုး)။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ခ/၉၆၂၀ လက်ဝယ်ရှိ သူက (ကမ-၃)မိတ္တူလျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများသည် (၁၅)ရက် အတွင်း ကညန၊ပြည်နယ်ရုံး(လားရှိုး)သို့ ဆက်သွယ်နိုင်ပါကြောင်း။

ကညန၊ပြည်နယ်ရုံး(လားရှိုး)။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄ တိုးချဲ့၊ မြေကွက်အမှတ်-၁၆၄၊ အလျားပေ၆၀ X အနံပေ၈၀၊ ဧရိယာ(၄၈၀၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့မြေစာရင်းဌာနတွင် တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူထံမှ အပြီးအပိုင်ဝယ်ယူ၍ ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းများယူဆောင်ပြီး ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးအောင်မိုး(ကော့မှူး)ဥပဒေတွဲ၊	**ဦးထွန်းလွင်(ဆိပ်ကမ်း)**
အထက်တန်းရှေ့နေ(စဉ်-၂၂၅၉၃)	**တရားရုံးချုပ်ရှေ့နေ**
ရုံးအမှတ်(၅၈)၊(ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။	**အေ-၁၁/၁၂၊ ပ-ထပ်(၅၀)ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

မန္တလေးတိုင်း မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ရဲကျော်စွာဝင်းမြင့်နှင့်အဖွဲ့ မေ ၁၂ရက်က ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက် အရေးပေါ် မီးသတ်ရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၆၂)

အမျိုးသမီးရေးရာအဖွဲ့ချုပ် ရှေ့လုပ်ငန်းစဉ် ကောလင်း၌ ထပ်ဆင့်ရှင်း ယဉ်ကျေးမှုဆိုင်ရာဟောပြော၊ ကျန်းမာရေးစောင့်ရှောက်မှုပညာပေး

ကောလင်း မေ ၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် လုပ်ငန်းလမ်းညွှန်ချက်များ၊ ရှေ့လုပ်ငန်းစဉ် ထပ်ဆင့်ရှင်းလင်းပွဲနှင့် ပညာပေးဟောပြောပွဲကို မေ ၂ရက် နံနက် ၉နာရီက ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်း

ဟောပြောပွဲတွင် ကသာခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်သိန်းမြင့်ရည်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည် အစည်းအဝေး(၂၀၀၆) လုပ်ငန်းလမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

ထို့နောက် ကသာခရိုင် အမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ဌေးဌေးသက်က အမျိုးသမီးများ ယဉ်ကျေးမှုဆိုင်ရာကို ဟောပြောဆွေးနွေးသည်။

ပညာပေးဆွေးနွေး

ကသာခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယ တိုင်းရင်းဆေးမှူး ဒေါ်မော်မော်အောင်က တိုင်းရင်းဆေး ပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပညာပေး ဆွေးနွေးသည်။

ကောလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီလွင်က မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်မှုများကို ပြန်လည်တင်ပြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး အကြံပြုကြသည်။ **(၀၂၆)**

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော်စိုက်ပျိုးရေးနှိုးဆော်

၁။ စိုက်ပျိုးရာသီအမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလ လယ်မှဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံ မြေဩဇာအဖြစ် တစ်ဧကလျှင်သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး၂၅ကီလိုနှင့် ပိုတက်ရှ် မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း၈၀နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်း သုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ် ကျရောက်မည့်အန္တရာယ်ရှိပါက မှျားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်း လုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို မေ ၁၈ရက်က မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးဖြစ်သော ရွှေကျွန်း ၄ လမ်း ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းနိုင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

အမှိုက်များရှင်းလင်း

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မိုးရာသီ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ပြည်ထောင်စုလမ်းမကြီးဘေး ရေမြောင်းအား စက်ယန္တရားများဖြင့် အမှိုက်များဆယ်ယူရှင်းလင်းမှုကို မေ၆ရက်က ဒုတိယဦးစီးမှူး(သန့်) ဦးမျိုးဇော်ထွန်းက ကြပ်မတ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

နှစ် ၆၀ ပြည့် မီးသတ်တပ်ဖွဲ့နေ့ မြစ်ငယ်၌ကျင်းပ မီးဘေးလုံခြုံရေး အကောင်းဆုံး စွမ်းဆောင်ဆုချီးမြှင့်

မြစ်ငယ် မေ ၆

အမရပူရမြို့နယ် မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) မီးသတ်တပ်ဖွဲ့က နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် ညနေ ၃ နာရီက အဆိုပါ စက်ရုံ မီးသတ်တပ်ဖွဲ့ရုံးတွင် ကျင်းပရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံအထွေထွေမန်နေဂျာဦးထွန်းဦးနှင့်လက်ထောက်အထွေထွေ မန်နေဂျာ ဦးဝင်းကို တို့က မီးသတ် တပ်ဖွဲ့ဝင်များအား မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ အားကြိုးမာနတက် လုပ်ငန်းကျေပွန်စွာတာဝန်ထမ်းဆောင်ကြရန်အမှာစကား ပြောကြားပြီး မီးသတ်ရဲဘော် မောင်မဲအား အကောင်းဆုံး လုပ်ငန်းစွမ်းဆောင်ဆု ပေးအပ်ချီးမြှင့်သည်။ (၂၀၉)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းမြေချစိုက်ပျိုး

ဖြူး မေ ၈

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွှန့် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် မေ ၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပျိုးထောင်ထားသော ခြံစည်းရိုးကြက်ဆူပင် ၁၀၀၀ကျော်ကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းအိမ်ရာ ခြံဝန်းအတွင်း ပြောင်းရွှေ့၍ စုပေါင်း မြေချ စိုက်ပျိုးကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

သိန်းနီမြို့နယ် စယ်အူကျေးရွာ ကျေးလက်မီးလင်းရေး ၁၁ ကေဗွီ ရေအားလျှပ်စစ်ဓာတ်အားလိုင်းဖွင့်လှစ်ပေး

နေပြည်တော် မေ ၁၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ၉ရက် နံနက်ပိုင်းက သိန်းနီမြို့အဝင် တံတားအနီး မြို့မကွင်းရှိ ဆင်းရွှေလီနွေစပါး တစ်ဆက်တစ်စပ်တည်း စံပြဧက ၄၄၀၀ စိုက်ခင်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ သိန်းနီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က သိန်းနီမြို့နယ်အတွင်း စပ်မျိုးနွေစပါး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တွဲဖက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းက လာမည့်နွေစပါး စိုက်ပျိုးရာသီတွင် ဧက၅၅၀၀ထိ တိုးချဲ့စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၅ ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	
	* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး
စီးပွားရေး ဦးတည်ချက် (၄)ရပ်	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး
လူမှုရေး ဦးတည်ချက် (၄)ရပ်	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (မေ၁၄ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကျင်းပသည့် တတိယအကြိမ် ကိုယ်အလေးချိန်အတန်းလိုက် တံခွန်စိုက် လက်ဝှေ့ ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

လီဗာပူး အောင်ပွဲခံ

မေ ၁၃ ရက်ညက အင်္ဂလိပ်အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၌ ဝက်စ်ဟမ်းအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသော လီဗာပူးအသင်းသားများ ပွဲအပြီးတွင် ဤသို့ အောင်ပွဲခံပျော်မြူးခဲ့ကြသည်။ (သတင်းအကျယ်–စာ ၁၂) (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲယှဉ်ပြိုင် ဘီလပ်မြေစက်ရုံကလပ်မှလက်ဝှေ့ကျော်များ ဗိုလ်လုပွဲသို့ လှမ်း

သတင်းမြင်ကွင်း - ကိုထွေး၊ ဓာတ်ပုံလက်ရာ - တင်စိုးနှင့် သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ အကြိုဗိုလ်လုပွဲများကို ယနေ့ မွန်းလွဲ ၂နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ယှဉ်ပြိုင်ထိုးသတ်ကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ကိုယ်အလေးချိန်အတန်းအလိုက် အကြိုဗိုလ်လုပွဲစဉ်များအဖြစ် လိုက်ဖလိုင်းဝိတ်တန်း ၄၈ကီလို၌ နှစ်ပွဲ၊ ဖလိုင်းဝိတ်တန်း ၅၁ကီလို၌နှစ်ပွဲ၊ ဘင်တန်ဝိတ်တန်း ၅၄ကီလို၌ နှစ်ပွဲ၊ မစ်ဒယ်ဝိတ်တန်း ၇၅ကီလို၌ နှစ်ပွဲ စုစုပေါင်းရှစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

မြန်မာနိုင်ငံ၏ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်း အောင်မြင်မှုရရှိ အသိပညာပေးဆွေးနွေးပွဲများ၊ စာအုပ်စာတမ်းများ ကျင်းပထုတ်ဝေဖြန့်ချိပေးနိုင် နိုင်ငံတော်က ရောဂါတားဆီးတိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ပြုလုပ်ခဲ့

ရန်ကုန် မေ ၁၃

ကမ္ဘာပေါ်တွင် စတုတ္ထအကြီးမားဆုံး လူသေဆုံးမှုဖြစ်ပွားသည့်ရောဂါမှာ အေအိုင်ဒီအက်စ်ရောဂါပင်ဖြစ်သည်။ အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ပြန့်ပွားမှုနည်းလမ်းမှန်သမျှ တားဆီးကာကွယ်ထိန်းချုပ်မှုနှင့် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှု တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐

စုစည်းရေးသားသူ
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ – (မြန်မာ့အလင်း)

14-5 (20).p65 1 1/13/32, 12:10 AM